The Mirror Daily

Established in 1957

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ သောကြာနေ့။ Friday, 25 November 2022 ၁၀၉၃၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

# ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် လာမည့်ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တို့အတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ပြန်လည်တိုးတက်လာစေရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားပေးမြှင့်တင်

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖





ကြေးမုံ

# “ခေတ်ရဲ့ကြေးမုံ” စာပေဖြင့်အကျိုးပြု

“ယနေ့ကဲ့သို့ ပညာခေတ်တွင် ရုပ်ဝတ္ထုများ ဘက်ပေါင်းစုံက အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေသည်နှင့်အညီ အဆိုပါ ရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးချနေသည့် မိမိတို့လူသားများ၏ အသိပညာမြင့်မားရေးနှင့် စိတ်ဓာတ်ကောင်းမွန်ရေးသည်လည်း အရေးပါလာသည်ကို တွေ့ရပါကြောင်း၊ လူများတွင် အဖိုးတန်ဆုံးအရာသည် အသိပညာပင်ဖြစ်ပါကြောင်း၊ အသိပညာကို အတွေ့အကြုံနှင့်စာပေက ရနိုင်သည့်အတွက် လူတိုင်းစာဖတ်သင့်ကြောင်း ရှေးအဆက်ဆက် ပညာရှိများက မှာကြားခဲ့သကဲ့သို့ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များအားလုံးတို့၏ တူညီသောမြွက်ဟမှုသည်လည်း “စာဖတ်တယ်”ဆိုသည့်စကားပင်ဖြစ်ပါကြောင်း”

၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် စာပေအသိပညာဗဟုသုတနှင့်ပတ်သက်သည့် အထက်ပါကောက်နုတ်ချက်ကို မှတ်သားမိပါသည်။ လူတိုင်းသည် အတွေ့အကြုံသက်သက်ဖြင့် အသိပညာဗဟုသုတများကို ကုန်စင်အောင်မရနိုင်၊ စာပေအသိပညာဖြင့်လည်း လောကကောင်းကျိုးစီးပွားကို ပြည့်စုံအောင်မဆောင်ရွက်နိုင်၊ နှစ်ပေါင်းများစွာကြုံတွေ့ခဲ့ရသည့် လူပေါင်းများစွာတို့၏ အတွေ့အကြုံ အသိအမြင် အတွေးအခေါ်များကို အခြေခံ၍ လက်တွေ့အတွေ့အကြုံများကိုပေါင်းစပ်ကာ ဆောင်ရွက်မှသာ ပြီးပြည့်စုံမှုကို ရရှိနိုင်မည်ဖြစ်သည်။

စာပေသည် “ခေတ်ရဲ့ကြေးမုံ”ဖြစ်သည်။ ခေတ်သမိုင်းတစ်လျှောက် လူအပေါင်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကောင်းကျိုးဆောင်ကြဉ်းမှုများကို သတင်းစာ၊ ဂျာနယ်၊ စာအုပ်စာပေတို့တွင် မှတ်တမ်းတင်ထားပေသည်။ ထို့ကြောင့် စာပေသည် ခေတ်၏ကြေးမုံပြင်ဟု ခေါ်ဆိုထိုက်သည်။ ခေတ်ကာလသမိုင်းတစ်လျှောက် မှတ်တမ်းတင်ထားသည့် စာပေကြေးမုံပြင်တွင် အသိပညာဗဟုသုတများကို လှစ်ဟကြည့်နိုင်သည်။ မြန်မာ့သမိုင်းတစ်လျှောက်တွင် ရဟန်းစာဆို၊ လူစာဆိုများ အပါအဝင်မြန်မာစာဆိုတော်ကြီးများက ပြောင်မြောက်သော မြန်မာစာပေစွမ်းပကားများဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးစီးပွားအတွက် စွမ်းဆောင်ထုတ်ဖော်ထားသည်များမှာ ချီးကျူးမကုန်နိုင်အောင်ပင်ဖြစ်သည်။

မြန်မာစာပေစွမ်းပကားဖြင့် နိုင်ငံ့အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးခဲ့သည်များကို အသိအမှတ်ပြုသောအားဖြင့် ဂုဏ်ပြုရမည်ဖြစ်သည်။ ချီးကျူးဂုဏ်ပြုပူဇော်သောအားဖြင့် နှစ်စဉ်နှစ်တိုင်း စာဆိုတော်နေ့အခမ်းအနားကျင်းပခြင်းနှင့် စာပေဆုနှင်းသဘင်ကျင်းပခြင်းအခမ်းအနားများကို ပြုလုပ်ခဲ့ကြပေသည်။ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာအရ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့၌ နိုင်ငံနှင့်အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာအတွက် ကလောင်စွမ်းအားဖြင့် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို အလေးအမြတ်ပြုပြီး စာဆိုတော်နေ့အခမ်းအနားကို ၁၉၄၄ ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ ယခုအခါ နှစ်ပေါင်း ၇၀ ကျော်ရှိပြီဖြစ်သည်။

၁၂ ရာစု ပုဂံခေတ်မှစတင်ပြီး မျက်မှောက်ကာလအထိ ပေါ်ထွန်းနေဆဲဖြစ်သည့် မြန်မာစာပေဖြစ်ထွန်းမှုသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေမှုနှင့် အကြောင်းအကျိုးဆက်စပ်ပေသည်။ တိုင်းပြည်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်စကားအတိုင်း နိုင်ငံကောင်းရာကောင်းကျိုးအတွက် တိုင်းရင်းသားပြည်သူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ အတွေးအခေါ် အယူအဆစသည့် ပြည်သူများ၏ ရပ်တည်လုပ်ဆောင်နိုင်မှုများသည် အရေးကြီးပေသည်။ ပြည်သူများအား အသိပညာဗဟုသုတနှင့် စိတ်ဓာတ်မြင့်မားရေးကို စာပေအနုပညာရှင်ကြီးများ၏ စွမ်းပကားများဖြင့် ခေတ်အဆက်ဆက်ဆောင်ရွက်ပေးခဲ့သည်ကို သမိုင်းကြေးမုံပြင်တွင် မြင်တွေ့နိုင်ပေသည်။

ပြည်သူများ အသိပညာဗဟုသုတနှင့်စိတ်ဓာတ်ခွန်အားမြင့်မားရေးကို စာပေအနုပညာရှင်များက ဝိုင်းဝန်းစွမ်းဆောင်ပေးခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ စာပေပညာရှင်များ၊ သတင်းစာပညာရှင်များက မိမိတို့တတ်ကျွမ်းသည့် စာပေပညာရပ်များ၊ သတင်းစာပညာနှင့် မီဒီယာလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် လူတစ်စု၊ အဖွဲ့အစည်းတစ်ခုအတွက် မဖြစ်စေဘဲ တစ်မျိုးသားလုံးအကျိုး၊ နိုင်ငံတော်တစ်ခုလုံးအကျိုးကို ဦးတည်ဆောင်ရွက်ခဲ့သည့် သမိုင်းမှတ်တမ်းများရှိသည်။ ဝါသနာကိုအခြေခံ၍ စိတ်စေတနာကောင်းကိုထပ်ဆောင်းပြီး ကြိုးပမ်းအားထုတ်ခဲ့မှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ စာပေပညာရပ်အမျိုးမျိုးဖြင့် ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက် သယ်ပိုးထမ်းရွက်မှုများမှာ နိုင်ငံနှင့်လူမျိုးအတွက် များစွာအကျိုးပြုခဲ့ကြပေသည်။ အသိပညာဗဟုသုတများ ပြည့်စုံကြွယ်ဝသည့် စာပေကြေးမုံပြင်ကို လှစ်ဟပြီး မျက်မှောက်ကာလ မိမိတို့အကျိုး၊ နိုင်ငံတော်အကျိုးများကို သယ်ပိုးထမ်းဆောင်နေသည့် လက်တွေ့နယ်ပယ်တွင် ပေါင်းစပ်အသုံးချကာ ကောင်းကျိုးများအောင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးညဏ်မျိုးနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် တောင်ဝိုင်းရပ် ဝေဠုဝန် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းစဉ်။ ကြေးမုံ



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၁၀၀ | ၂,၂၆၀ | ၂၀,၄၅၀,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၂၈၆ | ၉၅၈,၁၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၃၈ | ၂၉၂,၆၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂၀၀ | ၅၄၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၀၀ | ၁,၀၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၂၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၈၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၄.၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၇၀၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၇.၃၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၂၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၇.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၈.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၇.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၃၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တိုင်းပြည်ဝင်ငွေရရှိရေးအတွက် ကုန်ထုတ်လုပ်မှုကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်

## တိုင်းပြည်၏ ရှိရင်းစွဲ မြေပေါ်မြေအောက် သဘာဝသယံဇာတအရင်းအမြစ်များကို ဥပဒေနှင့်အညီ စည်းကမ်းစနစ်တကျဖြင့် အကျိုးရှိရှိအသုံးချနိုင်ရေး ကြိုးပမ်း




ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

**❍ ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရသူ Importer အဖြစ်မှ ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သူ Exporter အဖြစ်သို့ ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည်**

**❍ သယံဇာတများကို ထုတ်ယူသုံးစွဲပြီးပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း စနစ်တကျ ပြန်လည်ဆောင်ရွက်ကြရမည်ဖြစ်ကာ ထိုသို့ ဆောင်ရွက်မှုသာလျှင် စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်**

❖ ရွှေဖုံးမှ

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေး(၂/၂၀၂၂)တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို အတည်ပြုပေးရန်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ အတည်ပြုထောက်ခံချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က တစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြနိုင်ရေးအတွက် ဆွေးနွေးကြရန်ဖြစ်ကြောင်း။

**စိစစ်ထားပြီးဖြစ်**

ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးစွာစိစစ်ခဲ့ပြီး ဒုတိယဝန်ကြီးချုပ်က ထပ်ဆင့်စိစစ်ထားပြီးဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုကိုလည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဒုတိယဝန်ကြီးချုပ်တို့က စိစစ်ထားပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုသည့် ဖြည့်စွက်ခွင့်ပြုငွေများကို ပြည်သူများ၏ လိုအပ်ချက်နှင့် တစ်ထပ်တည်းဖြစ်စေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် လုပ်ငန်းများတွင် ထိရောက်စွာ အသုံးပြုကြရန်လိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို ကျပ်ဘီလီယံ ၄၀၀ နှင့် မတည်ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ မကြာမီကာလတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကိုလည်း ထပ်မံထူထောင်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဖြည့်စွက်ခွင့်ပြုငွေများ ထပ်မံခွင့်ပြုပေးခြင်းများ၊ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေများကို ထူထောင်ပေးခြင်းများသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းခဲ့ရသည့် နိုင်ငံတော်၏ စီးပွားရေးကို ပြန်လည်မြှင့်တင်ပေးနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေအပေါ် ဌာန/အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအတွက် အကျိုးရှိစွာ အသုံးပြုရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးတို့အတွက် ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် အမျိုးသားစီမံကိန်းများ၊ လုပ်ငန်းများအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို လည်းကောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

**လုပ်ငန်းများ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လို**

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ ယခုဖြည့်စွက်ရန်ပုံငွေများကို လိုအပ်ချက်များအရ တောင်းခံကြခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း တောင်းခံကြသည်ကို တွေ့ရှိရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်အပ်နှံသည့် လုပ်ငန်းများ၊ စတင်နိုင်ခြင်းမရှိသေးသည့် လုပ်ငန်းများ၊ ရာနှုန်းပြည့် ပြီးစီးမှုမရှိသည့် လုပ်ငန်းများရှိနေသည်ကို တွေ့ရှိရကြောင်း၊ အမှန်တကယ် သုံးစွဲနိုင်ခြင်းမရှိသည့် ထုတ်ယူသုံးစွဲငွေများ များပြားနေသောကြောင့် ပြည်တွင်းချေးငွေ များပြားနေခြင်းဖြစ်သဖြင့် တင်ပြတောင်းခံသည့်အတိုင်း လုပ်ငန်းများ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုကြောင်း။

တိုင်းပြည် ဝင်ငွေရရှိရေးအတွက် ကုန်ထုတ်လုပ်မှုကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ ရှိရင်းစွဲ မြေပေါ်မြေအောက် သဘာဝသယံဇာတ အရင်းအမြစ်များကို ဥပဒေနှင့်အညီ စည်းကမ်းစနစ်တကျဖြင့် အကျိုးရှိရှိ အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်ပြီး ပြည်တွင်းလိုအပ်ချက် ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရသူ Importer အဖြစ်မှ ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သူ Exporter အဖြစ်သို့ ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သယံဇာတများကို ထုတ်ယူသုံးစွဲပြီးပါက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း စနစ်တကျ ပြန်လည်ဆောင်ရွက်ကြရမည် ဖြစ်ကာ ထိုသို့ဆောင်ရွက်မှုသာလျှင် စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ချွေတာသုံးစွဲရေးနှင့် ပတ်သက်၍ စိုက်ပျိုးရေးတွင် ရေသည် အဓိကကျသည့်အတွက် ရေသုံးစွဲမှုကို အလေအလွင့် မဖြစ်စေလိုဘဲ စနစ်တကျဖြင့် အကျိုးရှိရှိ အသုံးချစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သကဲ့သို့ ဆည်ရေကိုလည်း စနစ်တကျ သုံးစွဲကြရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှုကိုလည်း စနစ်တကျဖြစ်စေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်မှာ ကြီးမားလာနိုင်ပြီး လိုအပ်ချက်ပြည့်မီနိုင်ရေး နိုင်ငံတော်အနေဖြင့် လျှပ်စစ်စီမံကိန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ လျှပ်စစ်လိုအပ်ချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ သုံးစွဲသူများအနေဖြင့်လည်း အလေအလွင့်ဖြစ်စေမည့် ဓာတ်အားသုံးစွဲမှုများကို လျှော့ချကြစေလိုကြောင်း။

တစ်ဆက်တည်းတွင် စက်သုံးဆီသုံးစွဲမှုကိုလည်း လျှော့ချကြစေလိုကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်းလုံး၌ စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်လျက်ရှိကြောင်း၊ စက်သုံးဆီဝယ်ယူသုံးစွဲရာတွင် ကုန်ကျမည့် ငွေကြေးအရင်းအနှီးများကို လျှပ်စစ်စွမ်းအင်ဖြင့် အသုံးပြုသည့် Public Transportation များ၌ သုံးစွဲမည်ဆိုပါက ပိုမိုအကျိုးရှိနိုင်မည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကုန်စည်များ ပို့ဆောင်ခြင်းနှင့် ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သယ်ယူပို့ဆောင်ရေးတွင် ရေကြောင်းခရီး၊ ကုန်းကြောင်းခရီး၊ လေကြောင်းခရီးဟူ၍ ရှိပြီး ရေကြောင်းခရီးဖြင့် သယ်ယူပို့ဆောင်ခြင်းသည် ကုန်ကျစရိတ် အသက်သာဆုံးပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် နေ့စဉ်သုံးစွဲနေသည့် စက်သုံးဆီကို တစ်ဦးချင်းအသိစိတ်ဖြင့် လျှော့ချသုံးစွဲမည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဘဏ္ဍာငွေ သုံးစွဲမှုကိုလည်း လျှော့ချလာနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ရှိ စိုက်ပျိုးစရိတ်ချေးငွေများ သတ်မှတ်ကာလအတွင်း ပြန်လည်ရရှိစေရေးအတွက် တာဝန်ရှိသူများက အသိပညာပေး၊ စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုစာရင်း၊ ပြည်ထောင်စုမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ရမည့် ထောက်ပံ့ငွေပြောင်းလဲမှု၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပြီးဖြစ်သည့်အတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်တင်ပြပြီး ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် အချိန်မီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**စိန်ခေါ်မှုများစွာ ရင်ဆိုင်တွေ့ကြုံရ**

ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့အင်အားကြီး နိုင်ငံကြီးများအကြား စစ်ရေးနိုင်ငံရေး အားပြိုင်မှုများ၊ ကမ္ဘာ့ရွှေဈေး၊ ရေနံဈေး မတည်ငြိမ်မှုများမှတစ်ဆင့် အထွေထွေ ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ငွေဖောင်းပွမှုနှုန်းများ မြင့်တက်လာခြင်း၊ အမေရိကန်ဒေါ်လာ ငွေကြေးတန်ဖိုး မြင့်တက်ခြင်းကြောင့် အခြားနိုင်ငံများ၏ ပြည်တွင်းသုံးငွေ တန်ဖိုးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ခြင်း စသည့်အခြေအနေများအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများစွာ ရင်ဆိုင်တွေ့ကြုံရလျက်ရှိကြောင်း။

မိမိတို့အနေဖြင့် မည်သည့်စိန်ခေါ်မှုပင်ရှိပါစေ ပြည်တွင်းအားသည် ပြည်တွင်း၌သာရှိသည်ဟူသည့် ခံယူချက်ဖြင့် မိမိတို့၏ အမျိုးသားရေးမူဝါဒ နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် လာမည့် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တို့အတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ပြန်လည်တိုးတက်လာစေရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားပေးမြှင့်တင်သွားရမည်ဖြစ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပမှ ကုန်ပစ္စည်းများ မှာယူတင်သွင်းနေရသည်များကို အတတ်နိုင်ဆုံး လျှော့ချပြီး ပြည်တွင်းထုတ်ကုန်များကို အစားထိုး သုံးစွဲနိုင်ရေးအတွက်လည်း ရည်မှန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

**စာမျက်နှာ ၅ သို့** »»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် နတ်တော်လပြည့်နေ့၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်မည့် "စာဆိုတော်နေ့"ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပပြုလုပ်သည့် စာပေဟောပြောပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ စာပေဟောပြောပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ စာပေပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဟောပြောပွဲခန်းမတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက "စာဆိုတော်နေ့"ကို ဂုဏ်ပြုသောအားဖြင့် စာပေဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာ စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ၊ စာရေးဆရာမကြီး မစန္ဒာနှင့် စာရေးဆရာကြီး မြင်းမူမောင်နိုင်မိုးတို့က ဟောပြောခဲ့ကြသည်။

စာပေဟောပြောမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေဟောပြောခဲ့ကြသည့် စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ၊ စာရေးဆရာမကြီး မစန္ဒာနှင့် စာရေးဆရာကြီး မြင်းမူ မောင်နိုင်မိုးတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ၊ စာရေးဆရာမကြီး မစန္ဒာနှင့် စာရေးဆရာကြီး မြင်းမူ မောင်နိုင်မိုးတို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာပေဟောပြောခဲ့သည့် စာရေးဆရာကြီး တက္ကသိုလ်မြတ်သူအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာပေဟောပြောခဲ့သည့် စာရေးဆရာမကြီး မစန္ဒာအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာပေဟောပြောခဲ့သည့် စာရေးဆရာကြီး မြင်းမူမောင်နိုင်မိုးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။

»»» **စာမျက်နှာ ၃ မှ**

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေအပါအဝင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် မိမိတို့ကို ခွဲဝေပေးထားသည့် အသုံးစရိတ်များကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ အကျိုးရှိရှိ ထိထိရောက်ရောက်ဖြစ်အောင် သုံးစွဲကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများတွင် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် အတွက် ရန်ပုံငွေများ ခွဲဝေချထားပေးလျက်ရှိရာ လျာထားချက်အတိုင်း လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ခြင်းရှိ၊ မရှိခွင့်ပြုရန်ပုံငွေများကို ထိရောက်စွာ သုံးစွဲနိုင်ခြင်းရှိ၊ မရှိတို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက စောင့်ကြည့်ကြီးကြပ်၍ အစီရင်ခံစာများ ပြုစုတင်ပြလျက်ရှိကြောင်း။

**လျာထားသတ်မှတ်ပေးခဲ့ပြီးဖြစ်**

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ငွေလုံးငွေရင်းအသုံးစရိတ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် ရန်ပုံငွေများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများတွင် ငွေလုံးငွေရင်း အသုံးစရိတ်များကို အသီးသီးခွဲဝေလျာထား သတ်မှတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံထားသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများကလည်း ရန်ပုံငွေများကို အကျိုးရှိစွာ ထိထိရောက်ရောက်ဖြစ်အောင် သုံးစွဲရန်၊ လျာထားလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းပြီးစီးမှုနှင့် ငွေကြေးသုံးစွဲမှု ဟန်ချက်ညီစေရန်၊ အရည်အသွေးပြည့်မီစေရန်၊ ပိုလျှံရန်ပုံငွေများနှင့် ဘဏ္ဍာနှစ်အကုန်ထိ သုံးစွဲနိုင်ခြင်းမရှိမည့် ရန်ပုံငွေများကို ဆောလျင်စွာ ပြန်လည်အပ်နှံရန်၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ တိုးမြှင့်လျာထားသည့် ရငွေများကို ပြည့်မီရုံမျှသာမက ကျော်လွန်ရရှိလာရန်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြောင့် နိုင်ငံတော်အနေဖြင့် အခွန်အခများ လျှော့ပေါ့ပေးခြင်း၊ ရွှေ့ဆိုင်းပေးခြင်း၊ ချေးငွေသက်တမ်းများ တိုးမြှင့်ပေးခြင်းတို့ကို ပြည်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**အခွန်၊ အခများ ကြိုးပမ်းကောက်ခံ**

ယခုအခါ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများ၊ CMP လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာပြီဖြစ်သည့်အတွက် နိုင်ငံတော်နှင့်ပြည်သူများအတွက် ရသင့်ရထိုက်သည့် အခွန်၊ အခများကို ကြိုးပမ်းကောက်ခံကြစေလိုကြောင်း၊ အခွန်ထမ်းဆောင်ရမည့် ပြည်သူများကိုလည်း အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်လာစေရေး အခွန်ဆိုင်ရာအသိပညာပေးခြင်းနှင့် အခွန်ပေးဆောင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးစေလိုကြောင်း။

ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး မိမိတို့၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေများနှင့်အညီ အကျိုးရှိထိရောက်စွာ သုံးစွဲကြပြီး ရည်မှန်းချက်လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်မြတ်သူ မိသားစုက အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ စာပေပစ္စည်းများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော်  နိုဝင်ဘာ ၂၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ အများပြည်သူဖတ်ရှုလေ့လာနိုင်ရန်နှင့် ထိန်းသိမ်းထားရှိရန်တို့အတွက် တက္ကသိုလ်မြတ်သူ မိသားစုက စာပေပစ္စည်းများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။

**တက်ရောက်**



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအေးထွန်း၊ ဒေါက်တာမိုးဇော်ထွန်း၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စာပေပညာရှင်များ၊ တက္ကသိုလ်မြတ်သူနှင့် မိသားစုဝင်များ၊ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက တက္ကသိုလ်မြတ်သူသည် ကဗျာ၊ ဝတ္ထု စသည့် ရသစာပေများ၊ သတင်းစာပညာ၊ သတင်းအချက်အလက်၊ ဂီတ၊ နိုင်ငံရေး၊ ဘာသာရေး၊ မြန်မာစာပေ၊ ဥပဒေ၊ လူ့အခွင့်အရေး၊ မြန်မာနိုင်ငံသမိုင်း၊ ကမ္ဘာ့သမိုင်း၊ ရွေးကောက်ပွဲနှင့် အတ္ထုပ္ပတ္တိ စသည့်စာအုပ်များစွာကို ပညာရပ်စုံလင်စွာ ရေးသားခဲ့ပြီး မကြာသေးမီကာလက ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့သူတစ်ဦးလည်းဖြစ်ပါကြောင်း၊ တက္ကသိုလ်မြတ်သူက ကိုယ်တိုင်ရေးသားခဲ့သည့် စာအုပ်များနှင့် ဖတ်ရှုလေ့လာစုဆောင်းခဲ့သည့် စာအုပ်စာပေများ၊ စာနယ်ဇင်းများ၊ ရရှိခဲ့သည့် ဂုဏ်ပြုမှတ်တမ်းများ၊ ဆုတံဆိပ်များ၊ ရင်ထိုးတံဆိပ်များ၊ တီးခတ်ခဲ့သည့် တူရိယာပစ္စည်းများ၊ စုဆောင်းခဲ့သည့် ဓာတ်ပြားများ၊ စီဒီများနှင့် မှတ်တမ်းဝင် ဓာတ်ပုံများကို အမျိုးသားစာကြည့်တိုက်သို့ လှူဒါန်းလိုကြောင်း ဆက်သွယ်လာခဲ့သဖြင့် ဌာနမှ တာဝန်ရှိသူများကို စနစ်တကျလက်ခံဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ လှူဒါန်းခဲ့သည့် စာပေပစ္စည်းများနှင့် အမှတ်တရပစ္စည်းများကို အသေးစိတ်စာရင်းပြုစုခြင်း လုပ်ငန်းမှစ၍ စင်တင်ခင်းကျင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး "တက္ကသိုလ်မြတ်သူစာစုခန်း" အဖြစ် ခင်းကျင်းထားရှိပါကြောင်း၊ တက္ကသိုလ်မြတ်သူ စုဆောင်းထားရှိသည့် စာအုပ်စာပေများမှာ အကြောင်းအရာ၊ ပညာရပ်များ စုံလင်သည်ကို တွေ့ရှိရပြီး သိမ်းဆည်းထားသည့် အမှတ်တရပစ္စည်းများနှင့် တူရိယာပစ္စည်းများသည်လည်း ယနေ့ခေတ်တွင် အလွယ်တကူ ရှာဖွေ၍ မရနိုင်သည့် ရှားပါးတန်ဖိုးရှိ ပစ္စည်းများဖြစ်သည့်အတွက် နောင်လာနောက်သားများ တွေ့မြင်လေ့လာခွင့်ရရှိပြီး အသိပညာဗဟုသုတ တိုးပွားစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်မြတ်သူက အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ စာပေပစ္စည်းများနှင့် အမှတ်တရပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက တက္ကသိုလ်မြတ်သူအား စာပေပစ္စည်းများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ပြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငွေးငွေးဆွေက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာသူများက တက္ကသိုလ်မြတ်သူစာစုခန်း ခင်းကျင်းထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာသံရုံး တိုကျိုမြို့၌ မြန်မာ့ရိုးရာအစားအစာနှင့် ယဉ်ကျေးမှုနေ့ အခမ်းအနား ကျင်းပ

**နေပြည်တော်  နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာများ၊ မြန်မာ့ရိုးရာ အစားအသောက်များကို ဂျပန်နိုင်ငံသားများနှင့် ဂျပန်နိုင်ငံအခြေစိုက် သံတမန်များအကြား ပိုမိုကျယ်ပြန့်စွာ သိရှိလာစေရန် ရည်ရွယ်လျက် မြန်မာ့ရိုးရာအစားအစာနှင့် ယဉ်ကျေးမှုနေ့ (Myanmar Cuisine and Culture Day) အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ မြန်မာသံရုံး တိုကျိုမြို့၌ ကျင်းပခဲ့သည်။




အခမ်းအနားသို့ Asia-Pacific Ladies Friendship Society (ALFS)အသင်း၏ ဥက္ကဋ္ဌ Mrs. Haruko Komura နှင့် အမှုဆောင်ဒါရိုက်တာများ၊ Tokyo Women's Club မှ ဒုတိယဥက္ကဋ္ဌများ၊ ဂျပန်နိုင်ငံအခြေစိုက်သံရုံးများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ သံတမန်များ၊ အာဆီယံ-ဂျပန်စင်တာ (ASEAN-Japan Center) ၏ အတွင်းရေးမှူးချုပ် Dr. Kunihiko Hirabayashi နှင့် ဇနီး၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၊ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံတက္ကသိုလ်မှ ပါမောက္ခများ၊ Waseda University နှင့် Hosei University တို့မှ ဂျပန်ကျောင်းသား ကျောင်းသူများ၊ ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေကြသည့် ဝန်ကြီးဌာနအသီးသီးမှ မြန်မာအစိုးရပညာတော်သင်များ၊ ဂျပန်နှင့် မြန်မာမိတ်ဆွေ စုစုပေါင်း ၁၅၀ နီးပါး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် သံအမတ်ကြီး ဦးစိုးဟန်နှင့် ဇနီး ဒေါ်လဲ့လဲ့ဝါတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ရိုက်ကူးထားသည့် Friendly Myanmar ဗီဒီယိုနှင့် မြန်မာ့ရိုးရာ မုန့်ဟင်းခါးချက်ပြုတ်ခြင်း ဗီဒီယို ပြသခဲ့သည်။

ထို့နောက် မြန်မာသံရုံး အမျိုးသမီးဝန်ထမ်းများက "မင်္ဂလာပါ"အကဖြင့် ကပြဖျော်ဖြေခြင်း၊ ဂျပန်နိုင်ငံရှိ Manjushaka အကအဖွဲ့မှ အကပညာရှင်များ ကပြဖျော်ဖြေခြင်းနှင့် မြန်မာ့စောင်းတူရိယာ တီးခတ်မှုများဖြင့် တင်ဆက်ပြသခဲ့သည်။ ဆက်လက်၍ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေခဲ့ကြသူများကို သံအမတ်ကြီးဦးစိုးဟန်နှင့်ဇနီး၊ ဂျပန်နိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများ၏ နာယကဖြစ်သူ ဆန်မာရီနိုသံအမတ်ကြီး၏ဇနီး၊ ASEAN-Japan Center ၏ အတွင်းရေးမှူးချုပ် Dr.Kunihiko Hirabayashi နှင့်ဇနီးတို့က ဂုဏ်ပြုပန်းစည်းများကို ပေးအပ်ခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များကို မြန်မာ့ရိုးရာ အစားအစာများဖြစ်သည့် မုန့်ဟင်းခါး၊ လက်ဖက်သုပ်၊ မြန်မာ့ရိုးရာမုန့်မျိုးစုံနှင့် မြန်မာကော်ဖီတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ ဗစ်တလီ ဆိုလိုနက်စကိုင်း ဦးဆောင်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အဆင့်မြင့်ပညာရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးမြှင့်တင်ရေး၊ ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့မှုမြှင့်တင်ရေး၊ ယဉ်ကျေးမှု၊ ပညာရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မော်စကို နိုင်ငံတကာဆက်ဆံရေး တက္ကသိုလ် (Moscow State Institute of International Relations)၊ ရုရှားပြည်သူ့ချစ်ကြည်ရေးတက္ကသိုလ် (People's Friendship University of Russia)၊ Pushkin ပြည်နယ် ရုရှား ဘာသာစကားအင်စတီကျု (The Pushkin State Russian Language Institute) စသည့် တက္ကသိုလ်များမှ မြန်မာပညာတော်သင်များ ပိုမိုတိုးချဲ့ခေါ်ယူရေး၊ မြန်မာနိုင်ငံမှ အသိပညာရှင် Think Tanks အဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်မှုမြှင့်တင်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာဗစ်တလီ ဆိုလိုနက်စကိုင်းနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုနိုင်ငံတကာဆက်ဆံရေး တက္ကသိုလ်၊ ရုရှားပြည်သူ့ချစ်ကြည်ရေး တက္ကသိုလ်တို့မှ ဒုတိယပါမောက္ခချုပ်များ၊ Pushkin ပြည်နယ် ရုရှားဘာသာစကား အင်စတီကျုမှ နိုင်ငံတကာရေးရာဌာနမှူးနှင့် The Alexander Gorchakov Public Diplomacy Fund မှ ဒုတိယအမှုဆောင်ဒါရိုက်တာတို့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ခရီးသွားလုပ်ငန်းကဏ္ဍတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်လုပ်ငန်းများတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများကိုသိရှိပြီး ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြန့်ဝေနိုင်ရန် ရည်ရွယ်၍ ခရီးသွားလုပ်ငန်းတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။



**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်း၏ သဘာဝမှာ ခရီးသွားဧည့်သည်များ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ကူးလူးဆက်ဆံကြခြင်းဖြစ်ရာ ယင်းအပေါ် အသုံးချကာ လူကုန်ကူးခြင်း (သို့မဟုတ်) ခေတ်သစ်ကျွန်ပြုခြင်းနှင့် အခြားသော ပြဿနာရပ်များ ဆောင်ရွက်လာကြသည်ကို ကမ္ဘာ့နိုင်ငံအတော်များများတွင် တွေ့ရှိလာရပါကြောင်း၊ အထူးသဖြင့် လူတန်းစားကွာဟမှုမြင့်မားသော နိုင်ငံများတွင် အများဆုံး ရင်ဆိုင်ကြုံတွေ့ကြရသည်ကို တွေ့ရှိရပါကြောင်း၊ လူကုန်ကူးမှုဆိုင်ရာ ပြဿနာများကို တားဆီးကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာအစိုးရများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာအသုံးချခြင်းမှ ကာကွယ်နိုင်ရန် အသိပညာပေးဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ပြည်တွင်း/ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ခရီးစဉ်ဒေသများအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံခြားသားခရီးသွား ဧည့်သည်များနှင့် စပ်လျဉ်း၍ မလိုလားအပ်သောပြဿနာရပ်များ မဖြစ်ပေါ်စေရန် အတွက် ကြိုတင် ကာကွယ်နိုင်ရန် ဧည့်စာရင်းတိုင်ကြားမှုစနစ် (Guest List Management System) ကိုလည်း စီစဉ်ဆောင်ရွက်ထားရှိကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တွင်ကျယ်စွာ အသုံးပြုကြရန် တိုက်တွန်းလျက်ရှိပါကြောင်း၊ အလားတူ ကမ္ဘာလှည့်ခရီးသည်များအတွက် ဆောင်ရန် ရှောင်ရန်အချက်များကိုလည်း နိုင်ငံခြားဘာသာစကားများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေထားရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အစိုးရ-ပုဂ္ဂလိက- ပြည်သူလူထု အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများမှ တက်ကြွစွာ ပါဝင်ဆွေးနွေးသွားကြစေလိုပါကြောင်းနှင့် ထွက်ပေါ်လာသောရလဒ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းပြောကြားသည်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားကဏ္ဍနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးသည်။ ယင်းနောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်သက်နိုင်က လူကုန်ကူးမှုနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်စုလွင်က လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအကြောင်းကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ Vice President YONN SINAT ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC)၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံမှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယနေ့ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တောင်ကုတ်မြို့၌ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး ဆွေးနွေး

**တောင်ကုတ် နိုဝင်ဘာ ၂၄**

တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးမြင့်ရွှေက ဆွေးနွေးပွဲ ပြုလုပ်ရသည့်ရည်ရွယ်ချက်များနှင့် ပတ်သက်၍ဆွေးနွေးပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်ဆွေဆွေတင့်က UN CRC ၏အခြေခံမူတွင် ကလေးများ၏ အခွင့်အရေးအား အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်တို့ကို သတ်မှတ်ထားကြောင်း ပြောကြားပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော်မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့သည် ယနေ့နံနက်ပိုင်းတွင် လဟာပြင်ကဇာတ်ရုံ၌ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်များမှ အနုပညာရှင်များက ပဒေသာကပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြဇာတ် ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံတက္ကသိုလ်များမှ အဆင့်မြင့်ပညာရေး ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတက္ကသိုလ်များမှ အဆင့်မြင့်ပညာရေး ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ရုရှားအဆင့်မြင့်ပညာရေး ကိုယ်စားလှယ်အဖွဲ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတက္ကသိုလ်များမှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ The Alexander Gorchakov Public Diplomacy Fund နှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်အတွင်း ဆွေးနွေးခဲ့သော နှစ်နိုင်ငံအကြား ပညာရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ပညာရေး၊ ပညာအရည်အသွေးနှင့် ဘွဲ့ဒီဂရီများ အသိအမှတ်ပြုရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံတက္ကသိုလ်များအကြား ပညာရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေး၊ သုတေသနပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာဘာသာစကားသင် ဆရာ ဆရာမများနှင့် ရုရှားဘာသာစကားသင် ဆရာ ဆရာမများ အပြန်အလှန်စေလွှတ်ရေး၊ ရုရှားအစိုးရ ပညာတော်သင်ဆု (၂၀၂၃) အစီအစဉ်သို့ ဝင်ရောက်လျှောက်ထားသော မြန်မာတက္ကသိုလ် ဆရာ ဆရာမများကို ဦးစားပေးရွေးချယ်နိုင်ရေး၊ Naypyitaw State Academy ရှိ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများကို အရည်အသွေးပူးပေါင်းမြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကာ မြန်မာနိုင်ငံတက္ကသိုလ်များက ရုရှားဖက်ဒရေးရှင်းနိုင်ငံတက္ကသိုလ်များထံမှ ပညာသင်ဆုရယူလိုသော ဦးစားပေးပညာရပ်နယ်ပယ်များနှင့် ဘွဲ့သင်တန်းများအမည်စာရင်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉၉) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉၉)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ ဥက္ကဋ္ဌရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းပညာရေးမှူး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်သင်ကြားရေး/စီမံဌာနများမှ ပါမောက္ခ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးကို အကောင်အထည်ဖော်ရာ၌ အခြေခံပညာရေးသည် အဓိကကျ၍ ဆရာများ၏ အရည်အသွေးမြင့်မားလာစေရေး အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာရည်မြင့်မားခြင်းဆိုသည်မှာ စာပေတတ်မြောက်ရုံမျှဖြင့် မြင့်မားခြင်းမဟုတ်ဘဲ နိုင်ငံသားတိုင်း အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ကာ နောင်မျိုးဆက်များကို အလေ့အကျင့်ကောင်း၊ အတွေးအခေါ်ကောင်းများနှင့် မှန်ကန်သည့်ခံယူချက်များကို လက်ဆင့်ကမ်းပြီး ပြုစုပျိုးထောင် လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း။

ယနေ့ကာလတွင် လူ့စွမ်းအားအရင်းအမြစ်များ အဓိကကျနေချိန်တွင် ပညာတတ်လူငယ်များ ပေါ်ထွက်လာစေရန် ဆရာ ဆရာမများတွင် တာဝန်ရှိကြောင်း၊ သို့မှသာ နိုင်ငံသားတိုင်း၏ စွမ်းဆောင်ရည်ကောင်းမွန်တိုးတက်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့နိုင်ငံတော်အနေဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။



လူ့စွမ်းအားအရင်းအမြစ်များကို ဖန်တီးပေးနေရသည့် ဆရာ ဆရာမများသည် ခေတ်နှင့်အညီ ရင်ပေါင်တန်း လိုက်ပါနိုင်ရမည် ဖြစ်သည့်အတွက် မိမိတို့၏ အရည်အသွေးကို အမြဲမြှင့်တင်နေရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် “ဆရာဆိုတာ ထာဝရကျောင်းသားဆိုသကဲ့သို့” အစဉ်လေ့လာနေကြရမည်လည်းဖြစ်ကြောင်း။

ယခုသင်တန်းမှ သင်ကြားပို့ချပေးလိုက်သည့် အသိအမြင်၊ ဗဟုသုတများကို လုပ်ငန်းခွင်တွင် အသုံးချပြီး မိမိတို့တွင်ရှိသည့် လိုအပ်ချက်များ၊ ပြုပြင်ရမည့်အချက်များရှိပါက ပြုပြင်ဆောင်ရွက်သွားရင်း မိမိကျောင်းနှင့် မိမိရပ်ရွာ၏ ပညာရေးတိုးတက်မြင့်မားအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သင်တန်းထူးချွန်ဆု ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉၉)သို့ သင်တန်းသား ၅၀၊ သင်တန်းသူ ၄၃၈ ဦး စုစုပေါင်း ၄၈၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ ရက်သတ္တပါတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစော လမ်းလျှောက်ပေးပါ

# အလုပ်သမား၊ လယ်သမားတွေကို အကျိုးပြုတဲ့ တေးသီချင်းပေါင်းများစွာ ရေးခဲ့တဲ့အပြင် ပဒေသာကပွဲတွေမှာ ဇာတ်လမ်းတွေ ရေးသားစီစဉ်တင်ဆက်ခဲ့ပါတယ်

**ဦးကိုကိုလေး(ခ)ရန်ကင်းကိုကိုလေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ထူးကဲစွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသောပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့် လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်သူ ပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းထမ်းဆောင်ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြသော နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များကို ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ခံရသည့်ပုဂ္ဂိုလ်များ၏ ဝမ်းသာပီတိစကားသံများကို စုစည်းဖော်ပြအပ်ပါသည်။


ဦးငွေအောင်


ဦးမိုးဒီ


ဦးကိုကိုလေး(ခ)ရန်ကင်းကိုကိုလေး


ရေနံ့သာဝင်းမောင်


ဦးအေးမြင့်ကြူ


ဒေါ်နုနုစိန်

**ဦးငွေအောင်၊ လူမှုထူးချွန်တံဆိပ်(ပထမဆင့်)**
**နာယက၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

ကျွန်တော် ရရှိခဲ့တဲ့ဆုကတော့ လူမှုထူးချွန်ဆု (ပထမဆင့်)ဖြစ်ပါတယ်။ အခုလို နိုင်ငံတော်ကနေ ချီးမြှင့်တဲ့အတွက် ကျွန်တော်တို့လို အနုပညာသမားတွေ ဝမ်းသာရပါတယ်။ ၁၉၅၄ ခုနှစ်မှာ ရုပ်ရှင်ထဲကို စရောက်ခဲ့ပါတယ်။ အခုဆိုရင် ရုပ်ရှင်သက် ၆၈ နှစ်ရှိပါပြီ။ အသံတိတ်ကစပြီး အသံစုံသွင်း၊ အသံထွက်ရိုက်ကူးတဲ့အထိ ရုပ်ရှင်နဲ့ ပတ်သက်ပြီး အများကြီးလုပ်ခဲ့ပါတယ်။ ရုပ်ရှင်ကားတစ်ကားမှာ သရုပ်ဆောင်တွေကောင်းတာထက် Photography ကောင်းဖို့၊ အသံကောင်းဖို့က အရေးကြီးလာတော့ ကျွန်တော်ကုမ္ပဏီပိုင်ရှင်ဖြစ်လာတဲ့အခါ ဒီတာဝန်တွေဘက်ကို ရောက်သွားပါတယ်။ အဲဒီဘက်ကို ရောက်သွားတဲ့အတွက် သရုပ်ဆောင်တဲ့ဘက်မှာ နည်းသွားပါတယ်။ ခေါင်းဆောင်မင်းသား၊ ဒုတိယမင်းသားအနေနဲ့ ၁၂ ကား၊ ဒါရိုက်တာက ကိုးကား၊ တွဲဖက်ကခြောက်ကား ရိုက်ခဲ့ပါတယ်။

၁၉၅၆ ခုနှစ် မြန်မာပြည်မှာ ပထမဆုံး ရွှေတိဂုံသမိုင်းကို Cinema Scope ထွင်ခဲ့ပါတယ်။ အနုပညာနဲ့ ပတ်သက်ရင် ဇာတ်လမ်းပမာနားဆင်စရာ ဇာတ်လမ်းတွေမှာလည်း ဝင်လုပ်ခဲ့ဖူးပါတယ်။ အခုနောက်ပိုင်းမှာ ယဉ်ကျေးမှုတက္ကသိုလ်မှာ ပါမောက္ခ၊ ရုပ်ရှင်နဲ့ ပြဇာတ်ဌာနမှာ ၂၀၀၅-၂၀၀၆ ခုနှစ်မှာ လုပ်ပါတယ်။ ၂၀၀၆ ခုနှစ်ကစပြီး ဒီနေ့အထိ ကျွန်တော် ပါမောက္ခလုပ်တဲ့အပြင် ရန်ကုန်မြို့မှာဖွင့်တဲ့ သရုပ်ဆောင်သင်တန်း ၁၂ ခုမှာ အလှည့်ကျလိုက်ပြီး သင်ပေးနေပါတယ်။ ကျွန်တော့်အသက် အခုဆို ၉၁ နှစ် ရှိပါပြီ။ အခုလို ဆုရတဲ့အတွက် ဝမ်းသာပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ကြိုးစားခဲ့သလောက် အခုလို ထိုက်ထိုက်တန်တန် ဆုရလို့ ဝမ်းသာပါတယ်။

**ဦးမိုးဒီ၊ အနုပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**
**ဇာတ်ပို့ ဟာသသရုပ်ဆောင်**

ကျွန်တော် ၁၄ နှစ်သားကနေ အနုပညာလောကကို စရောက်ပြီး ကြိုးစားလာခဲ့တာ အခုဆို အသက် ၇၅ နှစ်ရှိပါပြီ။ ကျွန်တော်ရဲ့အနုပညာကို အသိအမှတ်ပြုပြီး အနုပညာထူးချွန်ဆုရရှိခဲ့တယ်လို့ သိရပါတယ်။ မျှော်လင့်မထားခဲ့ပါဘူး။ မမျှော်လင့်ဘဲ ရရှိသွားတဲ့သူတွေလည်း ရှိပါတယ်။ မိမိဝါသနာပါတဲ့အလုပ်ကို လုပ်ရင်းနဲ့ ဒီအလုပ်ကပဲ အသက်မွေးဝမ်းကျောင်းဖြစ်ပြီး ဒီလမ်းပေါ်မှာ ဆက်လျှောက်ခဲ့ပါတယ်။ အပတ်တကုတ် ကြိုးစားအားထုတ်ပြီး ပရိသတ်အတွက် ပြုံးဖို့၊ ရယ်ဖို့၊ ပျော်ဖို့ အဓိကထား ကြိုးစားလုပ်ဆောင်ခဲ့တဲ့ ကျွန်တော့်အနုပညာကို ထူးချွန်ဆုပေးတယ်ဆိုတော့ ကျွန်တော့်ရင်ထဲမှာ ပျော်ပါတယ်။ ကျွန်တော်တို့အလုပ်နဲ့ ရည်ရွယ်ချက်က ပရိသတ်တွေ၊ လူသားတွေအားလုံး ပြုံးဖို့၊ ပျော်ဖို့၊ ရယ်မောဖို့ အတွက် အမြဲကြိုးစားနေရမှာဖြစ်ပါတယ်။ နောက်ဆုံးထွက်သက်အထိ ကြိုးစားသွားပါမယ်။

**ဦးကိုကိုလေး(ခ)ရန်ကင်းကိုကိုလေး**
**အနုပညာထူးချွန်တံဆိပ်(တတိယဆင့်)**
**တေးရေးပညာရှင်**

ကျွန်တော့်ကို နိုင်ငံတော်က ချီးမြှင့်တာကတော့ အနုပညာထူးချွန်တံဆိပ်(တတိယဆင့်) ဖြစ်ပါတယ်။ ဒီဆုကို ဘာလို့ရလဲဆိုတော့ ၁၉၆၂ ခုနှစ်ကစပြီး နိုင်ငံအကျိုးပြု တေးသီချင်းများစွာကို ရေးသားခဲ့ပါတယ်။ အမျိုးသားအောင်ပွဲနေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အလုပ်သမားနေ့နဲ့ တောင်သူလယ်သမားနေ့ စတဲ့နေ့တွေရဲ့ ဂုဏ်ပြုတေးသီချင်းများစွာကို ရေးခဲ့ပါတယ်။ အဲဒီခေတ်တုန်းကရှိခဲ့တဲ့ ရွှေဝါမြေစစ်ဆင်ရေး၊ မြစိမ်းရောင်စစ်ဆင်ရေးစတဲ့ စစ်ဆင်ရေးတွေ ကျင်းပပြီး တောင်သူလယ်သမားတွေရှိတဲ့ ကျေးလက်တွေ၊ လယ်ယာတွေကိုဆင်းပြီး ကောက်စိုက်လုပ်အားပေးနဲ့ ကောက်ရိတ်ပွဲတွေကို ကူညီကြတဲ့ တပ်မတော်သားတွေအတွက် အနုပညာရှင်တွေကို စည်းရုံးပြီး ဖျော်ဖြေရေးတွေ ကျင်းပပေးခဲ့ပါတယ်။ ကျွန်တော်ရေးခဲ့ပြီး အဆိုတော် စိမ်းမို့မို့ ဆိုခဲ့တဲ့ မြစိမ်းရွှေဝါရောင်ဆိုတဲ့သီချင်းက တောင်သူလယ်သမားတွေကို အကျိုးပြုတဲ့ သီချင်းဖြစ်ပါတယ်။ အလုပ်သမား၊ လယ်သမားတွေကို အကျိုးပြုတဲ့ တေးသီချင်းပေါင်းများစွာ ရေးခဲ့တဲ့အပြင် ပဒေသာကပွဲတွေမှာ ဇာတ်လမ်းတွေ ရေးသားစီစဉ်တင်ဆက်ခဲ့ပါတယ်။ အဲဒီလို စီစဉ်တင်ဆက်ပေးတဲ့ လုပ်ငန်းတွေကို နှစ်ရှည်လများ ဆောင်ရွက်ပေးခဲ့ပါတယ်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ အဓိကကျတဲ့ နေ့ထူးနေ့မြတ်မှာ အခုလို ဂုဏ်ပြုဆုချီးမြှင့်ခံရတဲ့အတွက် အထူးဂုဏ်ယူမိပါတယ်။

**ရေနံ့သာဝင်းမောင်**
**အနုပညာထူးချွန်တံဆိပ်(တတိယဆင့်)**
**တေးရေးပညာရှင်**

ကျွန်တော် မြန်မာ့အသံရေဒီယိုခေတ် ၁၉၆၉-

## သတင်းအစုံ

၁၉၇၀ ခုနှစ်ကစပြီး သီချင်းတွေကိုရေးခဲ့တာ နှစ် ၅၀ ကျော်ရှိပါပြီ။ ရေးခဲ့တဲ့သီချင်းတွေက အခုချိန်ထိ ပရိသတ်ရင်ထဲမှာ ရှိနေကြပြီး ပြန်လည်ဆိုနေကြတုန်းပါ။ အဲဒီထဲမှာ အထူးခြားဆုံး သီချင်းကတော့ မြန်မာပြည်သားသီချင်းဖြစ်ပါတယ်။ ဒီသီချင်းကို ၁၉၇၀ ပြည့်နှစ်မှာ ရေးခဲ့တော့ အခုဆို နှစ် ၅၀ ကျော်ပြီ။ ခေတ်တွေပြောင်းလဲလာတဲ့တိုင် ဒီသီချင်းက အံဝင်၊ ဘောင်ဝင် နေပါသေးတယ်။ ဒီသီချင်းကို အမြဲတမ်းသုံးနေကြတယ်။ သီချင်းကို ကြားတဲ့သူတွေရဲ့ ရင်ထဲစိတ်ထဲမှာ စိတ်ဓာတ်တွေ တက်ကြွပြီး ကြက်သီးမွေးညင်းထတဲ့အထိ ကောင်းတဲ့သီချင်းဖြစ်ပါတယ်။ ဒီသီချင်းကိုရေးခဲ့တဲ့ သီချင်းရေးဆရာ တစ်ယောက်အနေနဲ့ ဘာမှအသိအမှတ်ပြုမခံရတဲ့အတွက် ခံစားခဲ့ရပါတယ်။ အခုတော့ အဲဒီလိုခံစားခဲ့ရတာတွေပြေသွားပါပြီ။ ကွယ်လွန်သွားတဲ့ ဂီတနောင်တော်ကြီးအတွက် ပိုပြီးဝမ်းသာပါတယ်။ သူတို့ကတော့ သူတို့ရတယ်ဆိုတာ မသိတော့ပေမယ့် ဒီခေတ်မှာ အသိအမှတ်ပြုခံရတယ်၊ ဂုဏ်ပြုခံရတယ်ဆိုတာ ကျွန်တော်တို့ကျန်ခဲ့တဲ့သူက သူတို့အတွက် ပိုပြီးဂုဏ်ယူရမှာပါ။ ကျွန်တော်တို့ရတာလည်း ကိုယ်လုပ်ခဲ့တဲ့အပေါ်မှာ ထိုက်တန်တဲ့ဆုလို့ပဲ ခံယူပါတယ်။ ကျေနပ်ပီတိဝမ်းသာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးအေးမြင့်ကြူ၊ သီရိပျံချီဘွဲ့**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

ဒီနှစ် ၂၀၂၂ ခုနှစ်မှာ အမျိုးသားနေ့ကို အကြောင်းပြုပြီးတော့ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့တဲ့ သူတွေအပေါ်မူတည်ပြီး သီရိပျံချီဘွဲ့ပေးတာဖြစ်ပါတယ်။ အဲဒီတော့ ဒီပေါ်မှာ ဘယ်လိုမျိုးခံစားရသလဲ၊ မုဒိတာပွားသလဲဆိုတဲ့ တစ်ဆင့်ထပ်ပြီးတော့ တွေးမယ်ဆိုရင် ကိုယ်လုပ်ဆောင်ခဲ့တဲ့အပေါ်မှာ မျှော်မှန်းချက်တွေ ဘာရမှ၊ ညာရမှ၊ ရာထူး၊ ဂုဏ်၊ ငွေရမှဆိုတာ မရှိခဲ့ပါဘူး။ တာဝန်ထမ်းဆောင်ခဲ့တဲ့အချိန်မှာ စည်းကမ်းလိုက်နာမယ်။ တာဝန်ပြီးမြောက်အောင်မြင်မယ်ဆိုရင်တော့ နိုင်ငံတော်က ကိုယ့်ကိုကြည့်မနေပါဘူး။ တစ်ခုတော့ရှိတယ် အကုန်လုံးက အဲဒီလိုမျိုး ကြိုးစားပမ်းစားလုပ်ကြတဲ့အချိန်မှာ မလွဲမရှောင်သာ ကံကြောင့် လွဲသွားတဲ့သူတွေလည်း ရှိမှာပါ။

ကိုယ်ကတော့ အဲဒီလိုမျိုးမဟုတ်ဘဲနဲ့ သီရိပျံချီဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရတယ်ဆိုတော့ တော်တော်ဝမ်းသာပါတယ်။

စာမျက်နှာ ၉ သို့ ○

# ပြိုင်ပွဲများဖြင့် စည်ကားနေမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း

**ကိုဌေး (ကနောင်)**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်သည် အမိမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခါသမယပင်ဖြစ်ပါသည်။ (၇၅)နှစ်မြောက်သည့် စိန်ရတုလွတ်လပ်ရေးနေ့တွင် ပုံမှန်ကျင်းပမြဲဖြစ်သည့် လွတ်လပ်ရေးနေ့အခမ်းအနားများထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိပါသည်။

စိန်ရတုလွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၏ စစ်ရေးပြစစ်ကြောင်းများ၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဂုဏ်ပြုယာဉ်များက ဗိုလ်ရှုခံရင်ပြင်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ချီတက်အလေးပြုကြမည်ဖြစ်ပါသည်။ ၎င်းအပြင် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဂုဏ်ပြုယာဉ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရိုးရာအစားအသောက်များနှင့် ဒေသထွက်ကုန်များအား ခင်းကျင်းပြသရောင်းချမည့်အစီအစဉ်များကိုလည်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏တောင်ဘက် တပေါင်းကွင်းအတွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (အလွတ်တန်းဖိတ်ခေါ်) အားကစားပြိုင်ပွဲများကိုလည်း ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။




### လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျင်းပမည့် အားကစားပြိုင်ပွဲများ

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများကိုလည်း ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ပြိုင်ပွဲများအား အမျိုးအစားနှစ်မျိုး ခွဲခြားကျင်းပပေးသွားမည်ဖြစ်ပြီး ပထမတစ်မျိုးမှာ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများဖြစ်ပြီး ဒုတိယတစ်မျိုးမှာ တိုင်းဒေသကြီးနှင့် ပြည်နယ် (အလွတ်တန်းဖိတ်ခေါ်) အားကစားပြိုင်ပွဲများ ဖြစ်ပါသည်။

### ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများ

ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအဖြစ် ဘော်လီဘော (ကျား/မ) ပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) တွင်လည်းကောင်း၊ ဘောလုံး (ကျား)ပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက်မှ ၃၀ ရက်အထိ ဝဏ္ဏသိဒ္ဓိကွင်းနှင့် လေ့ကျင့်ရေးကွင်း(၁/၃)တို့တွင်လည်းကောင်း၊ ပိုက်ကျော်ခြင်း(ကျား) ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၈ ရက်အထိ လက်ဝှေ့ပြိုင်ပွဲရုံ တွင်လည်းကောင်း၊ ဖူဆယ် (ကျား)ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ဖူဆယ် ပြိုင်ပွဲရုံတွင်လည်းကောင်း၊ လွန်ဆွဲ(ကျား/မ) ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ လေ့ကျင့်ရေးကွင်း(၃)တွင်လည်းကောင်း၊ ထုပ်ဆီးတိုး(မ)ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ လေ့ကျင့်ရေးကွင်း(၁) နှင့်(၃)ကြားတွင်လည်းကောင်း၊ အပြေး (ကျား/မ) ပြိုင်ပွဲ မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀ ကို ဇန်နဝါရီ ၄ ရက်တွင် လေ့ကျင့်ရေးကွင်း(၁)တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

### တိုင်းဒေသကြီးနှင့် ပြည်နယ် (အလွတ်တန်းဖိတ်ခေါ်)ပြိုင်ပွဲများ

တိုင်းဒေသကြီး/ပြည်နယ် (အလွတ်တန်းဖိတ်ခေါ်) ပြိုင်ပွဲများအဖြစ် ဘော်လီဘော (ကျား/မ) ပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)တွင်လည်းကောင်း၊ U-18 ဘောလုံး(မ) ပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ ဝဏ္ဏသိဒ္ဓိကွင်းနှင့် လေ့ကျင့်ရေးကွင်း (၁/၃) တို့တွင်လည်းကောင်း၊ ပိုက်ကျော်ခြင်း (ကျား) ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ လက်ဝှေ့ပြိုင်ပွဲရုံတွင် လည်းကောင်း၊ ဂေါက်သီးရိုက် (ကျား) ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ နေပြည်တော် စည်ပင်ဂေါက်ကွင်းတွင်လည်းကောင်း၊ မြန်မာ့သိုင်း (ကျား/မ)ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) တွင်လည်းကောင်း၊ U-25 ခြေးခုန်ပစ် (ကျား/မ) ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက် မှ ဇန်နဝါရီ ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိကွင်းနှင့် လေ့ကျင့်ရေးကွင်း(၁)တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ပါသည်။

### ထိုက်တန်သည့်ဆုကြေးများ ချီးမြှင့်ပေးသွားမည်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပပေးမည့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (အလွတ်တန်းဖိတ်ခေါ်) အားကစားပြိုင်ပွဲများကို သတ်မှတ်ကာလအတွင်း ကျင်းပသွားမည်ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ် ကိုယ်စားပြု အားကစားအသင်းအဖွဲ့များအနေဖြင့် အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်စေလျက်ရှိနေကြပြီဖြစ်ပါသည်။ ပြိုင်ပွဲတွင် အားကစားနည်းအလိုက် အောင်မြင်မှုရရှိကြသည့် အားကစားအသင်းအဖွဲ့များကို နိုင်ငံတော်အနေဖြင့် ယခင်ကျင်းပသည့် အားကစားပြိုင်ပွဲများထက် ထိုက်တန်စွာ ဆုများချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်းလည်း သိရပါသည်။

### လွတ်လပ်ပျော်ရွှင်စွာ လာရောက်အားပေးကြပါစို့

၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်း ကျင်းပမည့် အားကစားပြိုင်ပွဲများတွင် အားပေးသည့် ပရိသတ်များ၊ အားကစားနည်းအလိုက် ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများဖြင့် စည်ကားနေတော့မည်ဖြစ်ရာ အားကစားဝါသနာပါသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို လွတ်လပ်စွာ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် လာရောက်ကြည့်ရှုအားပေးကြပါရန်လည်း တိုက်တွန်းနှိုးဆော် သတင်းကောင်းပါးလိုက်ရပါကြောင်း ...။

■

> **(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပပေးမည့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်(အလွတ်တန်းဖိတ်ခေါ်) အားကစားပြိုင်ပွဲများကို သတ်မှတ်ကာလအတွင်း ကျင်းပသွားမည်ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ် ကိုယ်စားပြု အားကစားအသင်းအဖွဲ့များအနေဖြင့် အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်စေလျက်ရှိနေကြပြီဖြစ်ပါသည်။ ပြိုင်ပွဲတွင် အားကစားနည်းအလိုက် အောင်မြင်မှုရရှိကြသည့် အားကစားအသင်းအဖွဲ့များကို နိုင်ငံတော်အနေဖြင့် ယခင်ကျင်းပသည့် အားကစားပြိုင်ပွဲများထက် ထိုက်တန်စွာ ဆုများချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ထားရှိ**

---

❍ စာမျက်နှာ ၈ မှ

ဘာလို့လဲဆိုတော့ မျှော်လင့်မထားပါဘူး။ သမ္မတကြီး ဦးသိန်းစိန်အစိုးရတုန်းက ဝဏ္ဏကျော်ထင်ဘွဲ့ ရခဲ့ဖူးပါတယ်။ အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကိုယ်ထမ်းဆောင်ခဲ့တဲ့ အပေါ်မှာ အသိမှတ်ပြုပေးတာကို မမျှော်လင့်ဘူးဆိုပေမယ့်လည်း ရသွားတော့ဝမ်းသာရပါတယ်။ ဒါကို ရရစေတော့ရယ်လို့မဟုတ်ဘဲ ကြိုးစားခဲ့မှုကို ချီးမြှင့်ပေးခဲ့တဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကိုယ်ကိုယ်တိုင်လည်း ဂုဏ်ယူပီတိဖြစ်ရပါတယ်။ ကိုယ့်လိုမျိုး အခြားရရှိသွားတဲ့ ချီးမြှင့်ခံရတဲ့သူတွေအတွက်လည်း ဝမ်းသာပီတိဖြစ်ပါတယ်။ ချီးမြှင့်ခြင်းမခံရသော်လည်း ဆက်လက်တာဝန်ထမ်းဆောင်မယ့် နိုင်ငံသားတွေ၊ လူငယ်တွေအနေနဲ့ ရှေ့ကသူတွေရဲ့ အောင်မြင်မှုတွေ၊ အခြားသောသူတွေရဲ့ အောင်မြင်မှုတွေကို မုဒိတာထားပြီး ကိုယ်ကိုယ်တိုင်ကြိုးစားပြီး ဆောင်ရွက်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဒေါ်နုနုစိန်၊ ဝဏ္ဏကျော်ထင်ဘွဲ့**
**ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)**

ကျွန်မအနေနဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ကို ရရှိလိမ့်မယ်လို့ မထင်ခဲ့ပါဘူး။ မျှော်လည်း မမျှော်မှန်းခဲ့ပါဘူး။ ၁၉၆၉ ခုနှစ်က စပြီးတော့ အနုပညာလမ်းကြောင်းပေါ်မှာ ရပ်တည်ခဲ့တာ ယနေ့အထိပါပဲ။ ကိုယ့်အရိုးကိုယ်နိုင်သရွေ့ အနုပညာလမ်းကြောင်းပေါ်မှာ ရပ်တည်မှာပါ။ အနုပညာလမ်းကြောင်းပေါ်မှာ မှန်မှန်ကန်ကန် ရပ်တည်ခဲ့ပြီး ကြိုးစားအားထုတ်ခဲ့မှုတွေ ကြောင့် ဒီဆုကို နိုင်ငံတော်ကနေ ချီးမြှင့်တယ်လို့ ကျွန်မအနေနဲ့ မှတ်ယူပါတယ်။ ဖော်မပြနိုင်လောက်အောင် ဝမ်းသာပီတိလည်း ဖြစ်ရပါတယ်။

၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံမှာ SEA Game ကြီး အောင်မြင်စွာကျင်းပနိုင်ဖို့ ကျွန်မတို့ အဘက်ဘက်ကနေ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြပါတယ်။ SEA Game အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ကျွန်မကို နိုင်ငံတော်အကြီးအကဲတွေနဲ့ ဌာနဆိုင်ရာအကြီးအကဲတွေက တာဝန်ပေးတဲ့အခါမှာ ကျွန်မတို့အနေနဲ့ ဖွင့်ပွဲ၊ ပိတ်ပွဲ အကတွေကို တီထွင် ဖန်တီးခဲ့ပါတယ်။ SEA Game အတွက် ကျွန်မတို့ အင်တိုက်အားတိုက် နေ့ရော ညရော ကြိုးစား ဆောင်ရွက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စစ်ဘက်ဆိုင်ရာ၊ အနုပညာပိုင်းဆိုင်ရာ ညီအစ်ကိုမောင်နှမတွေနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ တက်ကြွမှု၊ ဝါသနာပါမှု၊ ကြိုးစားအားထုတ်မှုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် ဖွင့်ပွဲ၊ ပိတ်ပွဲကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါကြောင့် ဒီကြိုးစားမှုရဲ့ အကျိုးရလဒ်ကို ခံစားရတယ်လို့ ကျွန်မအနေနဲ့ ယူဆပါတယ်။ နောင်လာမယ့် မျိုးဆက်သစ်တွေအနေနဲ့ ကျွန်မတို့လို အောင်မြင်တဲ့ ပန်းတိုင်တစ်ခုကိုရောက်ရှိအောင် ယုံကြည်ချက်အပြည့်နဲ့ ကြိုးစားဆောင်ရွက်ကြပါ။ စေတနာ၊ မေတ္တာ၊ ဝါသနာ၊ အနစ်နာကို ပေါင်းစုပြီး တက်တက်ကြွကြွနဲ့အလုပ်လုပ်မယ်ဆိုရင် ဘာမဆိုအောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မအနေနဲ့ကတော့ လုပ်နိုင်သရွေ့ အနုပညာလမ်းကြောင်းပေါ်မှာ ဒီထက်မက စွမ်းစွမ်းတမံဖြစ်အောင် ဆောင်ရွက်သွားပါမယ်။ ဒီထက်မက ဆောင်ရွက်စရာတွေလည်း ရှိပါသေးတယ်လို့ ပြောပါရစေ။ ကျေးဇူးတင်ပါတယ်။

■

## ၂၀၂၂ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်(သောကြာနေ့)မှ ဒီဇင်ဘာ ၁၁ ရက်(တနင်္ဂနွေနေ့)အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်တည်းကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရပထမငယ်တန်း (သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး)အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

**ထပ်မံဖြေဆိုခွင့်ရှိ**

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိပါသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများ အနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို သက်ဆိုင်ရာ စာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## (၇၅)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၅)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်(တနင်္လာနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင် လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဆွမ်းပဒေသာပင်၊ စာအောင်ဆုပဒေသာပင်၊ တိပိဋကအထွေထွေရန်ပုံငွေများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ ၀၉၄၃၀၆၇၁၀၆၈၊ ၀၉၄၄၃၁၉၀၁၉၃၊ ၀၉၄၅၁၃၇၉၉၄၂၊ ၀၁၆၆၃၃၂၅ တို့သို့ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆကဆရာတော်လေးပါး၊ ကြီးကြပ်ရေးဆရာတော်လေးပါး၊ စာထောက်စာမဆရာတော် ၂၁၄ ပါး၊ အာဂုံပြန်စာရင်းသွင်း သံဃာအပါး ၂၅၀၊ သဘောရေးဖြေစာရင်းသွင်း သံဃာ ၁၈၇ ပါး၊ စုစုပေါင်း ၆၇၂ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ပုသိမ် နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ကိုးသိန်းအားကစားကွင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် အသင်းနည်းပြ၊ အုပ်ချုပ်သူများ၊ ဘောလုံးဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

**အနိုင်ရရှိခဲ့**

ဗိုလ်လုပွဲတွင်ပုသိမ်ခရိုင် ဘောလုံးအသင်းနှင့် ကျုံပျော်ခရိုင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျုံပျော်ခရိုင် ဘောလုံးအသင်းက ပုသိမ်ခရိုင် ဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ပြုလုပ်ရာ ဒုတိယဆုရရှိသည့် ပုသိမ်ခရိုင်အသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုအား တိုင်းရင်းသားရေးရာဝန်ကြီးကလည်းကောင်း၊ ပထမဆုရရှိသည့် ကျုံပျော်ခရိုင်အသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုအား လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကလည်းကောင်း၊ နေရာအလိုက်အကောင်းဆုံး ကစားသမားဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို သယံဇာတရေးရာဝန်ကြီးကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပထမဆုရရှိသည့် ကျုံပျော်ခရိုင်အသင်းအား တံခွန်စိုက်ဆုဖလားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## သနပ်ပင်မြို့နယ်၌ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**သနပ်ပင် နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဲတီစိမ်းစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က လယ်ယာစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပဲတီစိမ်းစိုက်ပျိုးသော တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် လိုအပ်လျက်ရှိသော သွင်းအားစုများဖြစ်သည့် မြေဩဇာနှင့် ပိုးသတ်ဆေးရရှိရေး ထောက်ပံ့ဆောင်ရွက်ပေးခြင်း၊ သွင်းအားစုတန်ဖိုးနှင့်ညီမျှသော ပဲတီစိမ်းများအား တောင်သူများက ပြန်လည်ရောင်းချပေးဆပ်ခြင်းအပါအဝင် ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ဆွေးနွေး**

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ပဲခူးခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်နှင့် အဖွဲ့ဝင်များ၊ သနပ်ပင်မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပဲတီစိမ်းစိုက်ပျိုးသော တောင်သူများတွေ့ဆုံ၍ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြပြီး သနပ်ပင်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ဧက ၅၀၀၀၀ ခန့် စီမံကိန်းလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှမိုး(ပြန်/ဆက်)



**ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး၊ ကြိုတင်ကာကွယ်ရေး၊ ငြိမ်းသတ်နိုင်ရေးဇာတ်တိုက် လေ့ကျင့်မှုကို နိုဝင်ဘာ ၂၃ ရက်က ပြုလုပ်စဉ်။**

တင်ဝင်းတင်



## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၁-၂၀၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲနှင့်စပ်လျဉ်း၍ စာမျက်နှာ ၉၊ ကော်လံ (၄)၊ ဒုတိယစာပိုဒ်တွင် ဖော်ပြပါရှိသည့် **“(BAMM)”** အစား **“(EAMM)”**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် တတိယစာပိုဒ်တွင် ဖော်ပြပါရှိသည့် **“ယခုအချိန်သည် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နိုင်ငံရေးအရ ကိုယ်စားပြုသည့် ပုဂ္ဂိုလ်ကို မတက်ရောက်စေသင့်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသူ တက်ရောက်ရေးကိစ္စအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ တူညီဆန္ဒမရရှိဘဲ ဆုံးဖြတ်ခဲ့ပါကြောင်း”** အစား **“အာဆီယံထိပ်သီးအစည်းအဝေးများနှင့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ကိုယ်စားလှယ်ကိုသာဖိတ်ကြားရန် အာဆီယံအဖွဲ့ဝင် နိုင်ငံများအားလုံး၏ တူညီဆန္ဒမရရှိဘဲ ဆုံးဖြတ်ခဲ့ပါကြောင်း”**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်း

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**တောင်ကြီး နိုဝင်ဘာ ၂၄**

၂၀၂၂ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်အလိုက် အသက် ၁၈ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲအဖြစ် လားရှိုးခရိုင်အသင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများ၊ အား/ကာသိပ္ပံ (တောင်ကြီး)မှ ကျောင်းသားကျောင်းသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြရာ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ တတိယဆုရရှိသော '၀' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအသင်း၊ ဒုတိယဆုရရှိသော လားရှိုးခရိုင်အသင်း၊ ဂိုးအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆုရရှိသူများ၊ အကောင်းဆုံးအားကစားသမားဆုရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး ပထမဆုရရှိသော ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းအားတစ်ဦးချင်း ဆုတံဆိပ်များကို ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်က ချီးမြှင့်ခဲ့ကာ ပထမဆုရအသင်းအား ငွေကျပ် ရှစ်သိန်းနှင့် ဆုဖလားတို့ကို ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# ရော်ဘာအထွက်နှုန်း တိုးတက်ရေးနှင့် အရည်အသွေးမြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ၏ ရွှေဖြူဟုပင် တင်စားခေါ်ဝေါ်ရသည့် မြန်မာ့ရော်ဘာစိုက်ပျိုးရေး မွန်ပြည်နယ်အတွင်း အရှိန်အဟုန်မပျက် ရေရှည်တိုးတက်စေရေးနှင့် အရည်အသွေးမြင့် ထုတ်ကုန်များအဖြစ် တစိုက်မတ်မတ် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဦးစားပေးကဏ္ဍအနေဖြင့် ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်အတွင်း ရော်ဘာအထွက်နှုန်း တိုးတက်ရေးနှင့် အရည်အသွေးမြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသခံ ရော်ဘာလုပ်ငန်းရှင်များနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ဧက ငါးသိန်းကျော် စိုက်ပျိုးထားရှိပြီး တစ်နိုင်ငံလုံး၏ စိုက်ဧကအနေဖြင့် ၃၀ ရာခိုင်နှုန်းကျော်နှင့် ထုတ်လုပ်မှု ၅၀ ရာခိုင်နှုန်း နီးပါးရှိကြောင်း၊ ရော်ဘာကို စီးပွားဖြစ် သက်တမ်းကာလအတွင်း အစေးထုတ်ယူရောင်းချနိုင်ရုံသာမက သက်တမ်းလွန် ကာလတွင်လည်း ရော်ဘာသစ်ကုန်ကြမ်းများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့်အတွက် စီးပွားရေးအရ အလားအလာကောင်းများ ရရှိနိုင်ကြောင်း၊ ရော်ဘာအခြေပြု တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ပြည်တွင်း ရော်ဘာကုန်ကြမ်း ဝယ်ယူသုံးစွဲမှု မြင့်တက်လာမည်ဖြစ်ပြီး ရော်ဘာဈေးကွက် ခိုင်မာလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် နှမ်းစပါး၊ ပဲမျိုးစုံ၊ နေကြာ အပါအဝင် ရော်ဘာစိုက်ပျိုးခြင်းများအတွက် ချေးငွေထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားသလို တစ်ဖက်ကလည်း လုပ်ကွက်ငယ်တောင်သူများ၊ အသေးစားနှင့်အလတ်စား စိုက်ပျိုးထုတ်လုပ်သူများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တောင်သူများအနေဖြင့် ရော်ဘာပင်အိုများ ခုတ်လှဲပြီး ပြန်လည်စိုက်ပျိုးဧရိယာများတွင် အထွက်နှုန်းကောင်းကာ ဒေသနှင့်ကိုက်ညီသော ရော်ဘာမျိုးကောင်းမျိုးသန့်များ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ရော်ဘာအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးတို့အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မွန်ပြည်နယ်အတွင်း ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရန်အတွက် သွင်းအားစု၊ ငွေကြေးအရင်းအနှီးနှင့် နည်းပညာများ စသည်ဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလှမိုးအောင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရော်ဘာအထွက်နှုန်း တိုးတက်ရေးမြင့်မားရေးအတွက် သုတေသနလုပ်ငန်းများ၏ စာတမ်းပြုစုသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်၍ အဆင့်မြင့် ရော်ဘာထုတ်ကုန်များနှင့် ရော်ဘာမျိုးသန့် ဖူးဆက်ပျိုးပင်များ စိုက်ပျိုးပြသထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ရေမြေဒေသနှင့်ကိုက်ညီပြီး ရော်ဘာအစေးသာမက သစ်ထွက်ကောင်းသော မျိုးများရရှိရေးနှင့် ရော်ဘာတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်)၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ)၊(အင်္ဂတို)နှင့် (စိန်ကလဲ့)တို့တွင် ရော်ဘာကိုင်းပွားခင်းများ တည်ထောင်ခြင်း၊ ရော်ဘာမျိုးစပ်ခြင်းလုပ်ငန်းများ၊ ရော်ဘာမျိုးယှဉ်ပြိုင် စမ်းသပ်ကွက်များ၊ ရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးများရွေးချယ်ခြင်း၊ အစေးခြစ်စနစ် အမျိုးမျိုးစမ်းသပ်ကွက်များ၊ မိုးကာဖြင့် အစေးခြစ်ခြင်း စမ်းသပ်ကွက်များနှင့် မြေဩဇာ စမ်းသပ်ကွက်များ ဆောင်ရွက်လျက်ရှိပြီး သုတေသန စမ်းသပ်ကွက်များမှ တွေ့ရှိချက်များ လက်တွေ့လိုက်နာ ကျင့်သုံးနိုင်ရန် နည်းပညာပြန့်ပွားရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နမ့်စန်မြို့ ဝမ်ပုံကျေးရွာအုပ်စု၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**နမ့်စန် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ် တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီက ဝမ်ပုံ (နမ့်စန်) ကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ ကွင်းအမှတ် (၁) ဦးပိုင်အမှတ်(၉) ရှိ တောင်သူ ဒေါ်နန်းတုတ်ခမ်း၏ လယ်မြေ စပါးစိုက်ခင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းရာတွင် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက တောင်သူ ဒေါ်နန်းတုတ်ခမ်း၏ လယ်မြေ ၂ ဒသမ ၁၂ ဧကတွင် စိုက်ပျိုးထားသော ခေါက်လှိုင်း(ညွှေ့မထအထွက်ကောင်း)စပါး ကိုယ်စားပြုစံကွက် သုည ဒသမ ၀၀၁ ဧကအား ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှ အစိုထွက် ၁၁၅ ဒသမ ၇၀ တင်း ထွက်ရှိကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်း၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး ဦးဇော်မိုင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုးနှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဒေသခံတောင်သူများ တက်ရောက် ကြည့်ရှုအားပေးကြကြောင်း သိရသည်။



သူရအောင်(ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**တိုက်ကြီး နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးမြို့နယ် အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ အခြေခံ စက်ချုပ်သင်တန်းကို ရင်းတိုက်လေးပင်ကျေးရွာတွင် ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာ ၂၃ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ရွှေဟသ်ာ ဘုန်းတော်ကြီး ကျောင်း၌ အခြေခံ စက်ချုပ်သင်တန်းဆင်းပွဲ(၅/၂၀၂၂)ကို ကျင်းပခဲ့ကြကြောင်း သိရသည်။



**ထောက်ပံ့ကြေးများပေးအပ်**

အဆိုပါ သင်တန်းဆင်းပွဲတွင် တိုက်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လဲ့လဲ့မွန်နှင့် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်တို့က သင်တန်းဆင်းအမှာစကား ပြောကြားပြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက အခြေခံ စက်ချုပ်သင်တန်း တက်ရောက်နေသည့် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူ တစ်ဦးအားသင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြ ဆရာမအား နည်းပညာ ထောက်ပံ့ကြေးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**တက်ရောက်**

အဆိုပါ သင်တန်းကို အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ၂၃ရက်အထိ တစ်လကြာ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၈၃၀ စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၁၉,၂၉၃)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၁၁၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၇,၅၅၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦးရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၃) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ်သို့ လှူရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် နိုဝင်ဘာ ၂၄

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီ အစဉ် (Family Quiz) ပွဲစဉ်(၉၃)ကို နိုဝင်ဘာ ၂၅ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်ရာ လှူရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရနှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး ပြိုင်ပွဲများကို နိုဝင်ဘာ ၂၅ ရက် ညနေ ၆ နာရီခွဲခန့်တွင် လည်းကောင်း၊ နိုဝင်ဘာ ၂၆ နှင့် ၂၇ ရက်တို့တွင် မွန်းလွဲ ၃ နာရီခန့်တွင်လည်းကောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# အလုံမြို့နယ် ပြန်/ဆက်ရုံး၌ စာဖတ်ဝိုင်းပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် စာဖတ်ဝိုင်းပြုလုပ်ခဲ့သည်။

စာဖတ်ဝိုင်းသို့ Book Club အဖွဲ့ဝင်များ၊ အထက (၆) အလုံမှ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ချိုနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။



အစီအစဉ်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ချိုက စာဖတ်ဝိုင်း ပြုလုပ်ရသည့် ရည်ရွယ်ချက်၊ စာကြည့်တိုက်တွင် အခမဲ့ စာအုပ်ငှားရမ်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

၎င်းနောက် အဖွဲ့ဝင်ဦးမောင်မောင် (မောင်မောင်-လှျပ်စစ်)က အကျိုးရှိသည့်စာများကို များများဖတ် များများမှတ်ရန်၊ မှတ်သားထားသည်များကို ပြန်လည်မျှဝေသည့် နိုင်ငံ့အကျိုးပြုစာရေးဆရာများဖြစ်အောင် ကြိုးစားကြရန် တို့ကို တိုက်တွန်းအားပေးပြောကြားခဲ့သည်။

ဆက်လက်၍ အဖွဲ့ဝင် ဦးထင်ဇော်လတ် (တရားလွှတ်တော်ရှေ့နေ) က စာရေးဆရာမ မခင်နု (ဒဿန)ရေးသားသည့် “ပုဂံဘုရား၊ ပုဂံစကား၊ ပုဂံသား” စာအုပ်နှင့် ပတ်သက်၍ ကောက်နုတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အဖွဲ့ဝင်အလုံမြို့နယ် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးအောင်စိုး(အောင်စိုး-အလုံ)က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မောင်မောင်(လျှပ်စစ်)

# ကျောက်တံခါးမြို့ မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ကျောက်တံခါး နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ယမန်နေ့မွန်းလွဲပိုင်းက မြို့မဈေးကြီး၌ ဖွင့်လှစ်ထားရှိသော ဆိုင်ခန်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများထားရှိမှုအား စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ် ဖြစ်ပေါ်ပါက အလွယ်တကူ ငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူး လက်တွေ့အသုံးပြုပုံအား သရုပ်ပြခြင်းနှင့် မီးသတ်ယာဉ်အသုံးပြုပြီး ရေဖြင့်ငြိမ်းသတ်မှု သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ပူးပေါင်းပါဝင်**

အဆိုပါ ဆောင်ရွက်မှုများကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆန်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းမင်းလတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးဝင်း၊ ဈေးကော်မတီအဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

■



**စာစာအိပ်လို့ စာစာထလို့ စာစာလမ်းလျှောက်ကြပါစို့**

# အတိုက်အခံခေါင်းဆောင် အန်ဝါအီဘရာဟင် မလေးရှားဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

ကွာလာလမ်ပူ နိုဝင်ဘာ ၂၄

အတိုက်အခံခေါင်းဆောင် အန်ဝါအီဘရာဟင်သည် မြို့တော်ကွာလာလမ်ပူရှိ အမျိုးသားနန်းတော်၌ မလေးရှားနိုင်ငံဝန်ကြီးချုပ်အဖြစ် ယနေ့ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

အန်ဝါအီဘရာဟင်၏ Pakatan Harapan အတိုက်အခံညွန့်ပေါင်းအဖွဲ့သည် ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် အမတ်နေရာအများစုကို အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အောက်လွှတ်တော်အမတ်များ၏ ထောက်ခံမှုရရှိရန် ညွန့်ပေါင်းအဖွဲ့နှစ်ဖွဲ့၏ ခေါင်းဆောင်များ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ပြီးနောက် မလေးရှားဘုရင်က အန်ဝါအီဘရာဟင်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

အသက် ၇၅ နှစ်အရွယ်ရှိ အန်ဝါအီဘရာဟင်သည် စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်ပြီး နိုင်ငံရေးမတည်ငြိမ်မှုများကြားတွင် ဆယ်စုနှစ်တစ်ခုနီးပါး အကျဉ်းကျခဲ့ရသည်။

အန်ဝါအီဘရာဟင်သည် ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်လက်ထက် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ စီးပွားရေးအစီအမံများနှင့်ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ၎င်းအားရာထူးမှ ဖယ်ရှားခဲ့သည်။

နောက်ပိုင်းတွင် အန်ဝါအီဘရာဟင်သည် စွဲချက်များစွာဖြင့် ထောင်ချခံခဲ့ရပြီး စွပ်စွဲမှုများကို အမြဲမပြတ် ငြင်းဆိုခဲ့သည်။

၂၀၁၈ ခုနှစ်တွင် အတိုက်အခံ ကိုယ်စားလှယ်လောင်းများအဖြစ် အန်ဝါအီဘရာဟင်နှင့် မဟာသီယာမိုဟာမက်တို့ ထပ်မံပူးပေါင်းခဲ့ပြီး မလေးရှားနိုင်ငံ၏ ပထမဆုံးသော နိုင်ငံရေးအပြောင်းအလဲကို ဖော်ဆောင်ခဲ့သည်။

အန်ဝါအီဘရာဟင်၏ ညွန့်ပေါင်းအဖွဲ့နှင့် အခြားနိုင်ငံရေးပါတီများသည် မည်သို့ပူးပေါင်းဆောင်ရွက်သွားမည်လဲဆိုသည်နှင့် နိုင်ငံရေးတည်ငြိမ်မှုအပေါ် နိုင်ငံသားများက မျှော်လင့်စောင့်ဆိုင်းခြင်းရှိ၊ မရှိအပေါ် ဆက်လက်စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူများက ဆိုသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်



# တရုတ်နိုင်ငံက ဆောင်ရွက်သည့် စီးပွားရေးစင်္ကြံစီမံကိန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု

ဖနောင်ပင် နိုဝင်ဘာ ၂၄

တရုတ်နိုင်ငံက ဆောင်ရွက်သည့် စီးပွားရေးစင်္ကြံစီမံကိန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုကြောင်း ကမ္ဘောဒီးယားအစိုးရ၏ အကြီးတန်းအကြံပေးဖြစ်သူ ဆုဆီပါနာက ပြောကြားသည်။ ၎င်းစီးပွားရေးစင်္ကြံစီမံကိန်း၏အထောက်အပံ့ဖြင့် ကမ္ဘောဒီးယားနိုင်ငံ၌ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဖြစ်သည့် ဖနောင်ပင်-ဆီဟန်နောဗီလီအမြန်လမ်းမ၊ ဆီဟန်နောဗီလီကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဆီရမ်ယပ်-အန်ကောအပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကို တည်ဆောက်နိုင်ခဲ့ကြောင်း ဒုတိယအကြိမ်မြောက် တရုတ်-ကမ္ဘောဒီးယား စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဖိုရမ်၌ ၎င်းက ပြောကြားသည်။

## အထောက်အကူပြု

ထို့ပြင် ဆီဟန်နောဗီလီအထူးစီးပွားရေးဇုန်သည်လည်း မိမိတို့နှစ်နိုင်ငံအကြား စက်မှုလုပ်ငန်းများဆောင်ရွက်မှုကို ခိုင်မာစေပြီး ကုန်ပစ္စည်းထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းကို အားကောင်းစေကာ ကမ္ဘောဒီးယား၏ ခေတ်သစ်စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုကြောင်း ၎င်းကပြောကြားသည်။ ဒေသတွင်းပြီးပြည့်စုံသည့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် (RCEP) နှင့်ကမ္ဘောဒီးယား-တရုတ်လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် (CCFTA)တို့သည်လည်း ကမ္ဘောဒီးယားနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တွင် အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း ၎င်းကပြောကြားသည်။

အထက်ပါသဘောတူညီချက်များကိုအခြေခံပြီး ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေး ထုတ်ကုန်များကို ပိုမိုရောင်းဝယ်မှုပြုလာနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံမှ ကျင်းပသည့် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ပြပွဲ၊ တရုတ်ထုတ်ကုန်-သွင်းကုန်ပြပွဲနှင့် အာဆီယံ-တရုတ်ပြပွဲများတွင် လုပ်ငန်းများပိုမိုဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများရရှိမည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှရရှိသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာတုံ့ပြန်ဆောင်ရွက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးချဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



# ဂျပန်နိုင်ငံ၌ ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါ သောက်ဆေး Xokova အား အရေးပေါ်သုံးစွဲရန်ခွင့်ပြု

တိုကျို နိုဝင်ဘာ ၂၄

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါသောက်ဆေး Xokova အား အရေးပေါ်သုံးစွဲရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။

Shionogi & Co.မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါသောက်ဆေးအမျိုးအစား Xokova သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအား ကိုယ်အပူချိန်မြင့်တက်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာလက္ခဏာများကို ထိရောက်စွာသက်သာလာစေကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပညာရှင်များ၏ လေ့လာချက်များအရ သိရသည်။

ဂျပန်နိုင်ငံအတွင်း လက်ရှိအချိန်၌ သုံးစွဲနေသည့် အမေရိကန်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါသောက်ဆေးအမျိုးအစား နှစ်မျိုးရှိကြောင်း သိရသည်။

ယခုထုတ်လုပ်လိုက်သည့် ကိုဗစ်-၁၉ ရောဂါသောက်ဆေးအမျိုးအစား Xokova အား နိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါလူနာအရေအတွက် တစ်သန်းအတွက် ဖြန့်ချီပေးသွားမည်ဟု သိရသည်။

ဂျပန်နိုင်ငံ၌ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ အဋ္ဌမလှိုင်း ဖြစ်ပွားလျက်ရှိပြီး နိုင်ငံတစ်ဝန်း နိုဝင်ဘာ ၂၂ ရက်တစ်နေ့တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀၀၀၀ ကျော်ရှိကြောင်းနှင့် နိုင်ငံမြောက်ပိုင်းရှိ ခရိုင်များတွင် ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများ စံချိန်တင်မြင့်တက်နေကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၉၀၈၉ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် နိုဝင်ဘာ ၂၄

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၉၀၈၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၆၇၈၄၁၄၂ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၅၅ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၅၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၂၂၃ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်




# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၀ ထပ်မံသေဆုံး

မနီလာ နိုဝင်ဘာ ၂၄

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၀ ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၅၂၄ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၁၁၆၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၂၅၂၀ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၇၉၁၉ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၂၀ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၉၃၂ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေး အပြည့်အဝထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# စစ်ကိုင်းမြို့နယ် ကင်းကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်သမားများက "တိက္ခဇေယျာ" ထိုင်ဝမ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဝင်ရောက်ကာ ငွေ၊ လက်ကိုင်ဖုန်းများနှင့် မော်တော်ယာဉ်အား ခြိမ်းခြောက်လုယက်ယူဆောင်




**နေပြည်တော် နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကင်းကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က "တိက္ခဇေယျာ" ထိုင်ဝမ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဝင်ရောက်လာကာ ငွေနှင့် မော်တော်ယာဉ်များအား ခြိမ်းခြောက်လုယက် ယူဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကင်းကျေးရွာရှိ "တိက္ခဇေယျာ" ထိုင်ဝမ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ဆိုင်ကယ် လေးစီးဖြင့် ရောက်ရှိလာပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညာသာမိ၏အခန်းအတွင်းရှိ စားပွဲပေါ်မှ လက်ဆွဲအိတ်ဖြင့် ထည့်ထားသည့် ငွေကျပ်သိန်း ၃၀၀ နှင့် ဘုန်းကြီးကျောင်းတွင်ရောက်ရှိနေသည့် ဒေါ်အုန်း ၇၂ နှစ်၊ ဒေါ်သန်း ၆၁ နှစ်၊ ဒေါ်ကျင်စော ၆၀ နှစ်နှင့် ဒေါ်သူဇာဝင်း ၄၃ နှစ်တို့၏ လက်ကိုင်ဖုန်း လေးလုံးတို့ကို လုယက်ယူဆောင်ပြီး ပြန်လည်ထွက်ခွာသွားခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများသည် မွန်းလွဲ ၂ နာရီခန့်တွင် ဘုန်းတော်ကြီးကျောင်းသို့ ထပ်မံရောက်ရှိလာပြီး ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရပ်ထားသည့် ယာဉ်အမှတ် RLG/--- ALPHARD မော်တော်ယာဉ်အား လုယက်ယူဆောင် မောင်းနှင်သွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ဘုန်းတော်ကြီးကျောင်းအတွင်း ဝင်ရောက်ကာ ငွေ၊ လက်ကိုင်ဖုန်းများနှင့် မော်တော်ယာဉ်အား လုယက်ယူဆောင်သွားသည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ အောင်မင်းဆက်ဝေသည် ၎င်းအသုံးပြုသည့် "Aung Min Satt Wai" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ရွာတော်ကျေးရွာနေ မောင်ဝင်းသည် ၎င်းအသုံးပြုသည့် "U Maung Win" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့်စခန်းမှ ငွေကျပ် ၂ ဒသမ ၁၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့်စခန်းမှ ငွေကျပ် ၂ ဒသမ ၁၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နိုဝင်ဘာ ၁၂ ရက် နံနက် ၆ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု တစ်ရာကုတ်ကျေးရွာ အနီးရှိ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့်စခန်းကို ဝင်ရောက်စီးနင်းရှာဖွေရာ ကျော်စိန်၊ ကျားယော်၊ ကျကော့၊ ကျလော၊ ကျကျိုး၊ ဒါယေလ၊ အိုက်ရီ(ခ)ကျိုင်းရီနှင့် ကျယုတို့ ရှစ်ဦးအား ဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၁၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၇၃၃ သန်း၊ စိတ်ကြွဆေးအကြေမှုန့် ၂၅၃ ကီလို၊ ဘိန်းစိမ်း သုံးကီလို၊ ကဖင်း ၂၉ကီလို၊ AK-47 သေနတ် နှစ်လက်၊ ၎င်းကျည် ၁၀ တောင့်၊ အမ်-၂၂ သေနတ် တစ်လက်၊ ၎င်းကျည် ငါးတောင့်၊ ပွိုင့်-၂၂ သေနတ် တစ်လက်၊ ၁၂ ဗို့ ပြောင်းရှည်သေနတ် တစ်လက်၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့် ဆေးပြားရိုက်စက် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု ရေပူစမ်းကျေးရွာရှိ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့် စခန်းပိုင်ရှင် ဘောဇ(ခ) ဘောစနှင့် ဂျိုးဇက် (ခ)ကဲဘာတို့၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၃၆၀၊ စိတ်ကြွဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့် မွှေစက်အသေး တစ်လုံး၊ ကျကော့၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေး ၇၃၉၂ ပြား၊ စိတ်ကြွဆေးအကြေမှုန့် ၇၀၀ ဂရမ်တို့ ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်သူများ ပိုင်ဆိုင်သည့် ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**



# သဃ်န်းကျွန်းမြို့နယ်၊ သီပေါမြို့နယ်နှင့် တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် ည ၈ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် ဇ/မြောက်ရပ်ကွက် ပြည်သာယာလမ်းရှိ ညီညီဌေး(ခ)ကိုညီ၏နေအိမ်တိုက်ခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀၀ ကိုလည်းကောင်း၊ အလားတူ နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့နယ် နောင်အန်ကျေးရွာအုပ်စု ခိုလုံကျေးရွာအနီး မိုင်းရယ်-သီပေါသွားကားလမ်းတွင် စိုင်းစံလူမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၃၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ည ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ပုံလို့လမ်းရှိ စားသောက်ဆိုင်သို့ သွားရောက်စစ်ဆေးရှာဖွေရာ ပိုင်မင်းခန့်(ခ)စိုင်းခမ်းရှုန်အား တွေ့ရှိရပြီး ၎င်းထံမှအက်တက်စီဆေးပြား ၁၀၀၀ နှင့် ၎င်း၏ယာဉ်အတွင်းမှ စိတ်ပြောင်းဆေးဝါးဖြစ်သည့် Happy Water အမှုန့် ၃ ဒသမ ၆၂၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်ကော်မြို့ မြို့နာမ်စေတီတော် ဘက်စုံပြုပြင်မွမ်းမံခြင်း၊ ကုန်သည်ကြီးစေတီတော် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်းတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

လှိုင်ကော် နိုဝင်ဘာ ၂၄

ကယားပြည်နယ် အစိုးရအဖွဲ့က ဦးဆောင်မတည်၍ ပြည်သူအများ စုပေါင်းလှူဒါန်းမှုဖြင့် မြို့နာမ်စေတီတော် ဘက်စုံပြုပြင်မွမ်းမံခြင်း၊ ကုန်သည်ကြီးစေတီတော် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်းတို့အတွက် ရေစက်ချ မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက လှိုင်ကော်မြို့ မြို့နာမ်စေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပခဲ့သည်။



**အနေကဇာတင်ပူဇော်**

ရှေးဦးစွာ ဆရာတော်သံဃာတော်အရှင်သူမြတ်များက မြို့နာမ်စေတီတော်ပရိဝုဏ်အတွင်းရှိ မြို့နာမ်စေတီတော်၊ ကုန်သည်ကြီးစေတီတော်နှင့် စော်ဘွားကြီးစေတီတော်မြတ်တို့ရှိ စေတီတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ခဲ့ကြသည်။

ထို့နောက် ကြွရောက်လာကြသည့် ဆရာတော်သံဃာတော်အရှင်သူမြတ်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စေတနာအလှူရှင် ပြည်သူများက “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ကြပြီး ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပညာစက္က (မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့ မတည်လှူဒါန်းငွေများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်က ကယားပြည်နယ်အတွင်းရှိ တပ်မတော်သားမိသားစုများ လှူဒါန်းငွေများကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စုပေါင်းလှူဒါန်းငွေများကိုလည်းကောင်း၊ အလှူရှင်တစ်ဦးက စေတနာအလှူရှင်များ၏ လှူဒါန်းငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြရာ မြို့နာမ်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရီပေါက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပညာစက္က (မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို တက်ရောက်လာကြသော ဆရာတော်သံဃာတော်အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပြီး ယနေ့ အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက စုပေါင်း၍ ကုန်သည်ကြီးစေတီတော် ရွှေသင်္ကန်းကပ်လှူခြင်း၊ မြို့နာမ်စေတီတော် မဟာရံတံတိုင်းများကို ရှေးမူမပျက် ပြင်ဆင်မွမ်းမံခြင်း၊ အောင်မြေအဆောက်အဦ နေရာအား အလင်းဖွင့်မှန်တပ်ဆင်ခြင်းနှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ ပြုပြင်ရန်လိုအပ်သောနေရာများအား ပြုပြင်မွမ်းမံခြင်းများအတွက် ငွေကျပ် ၁၄၈၁၇၂၃၃၆ လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် နိုဝင်ဘာ ၂၄

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန်လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ် မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊စစ်သည်၊မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။



ထို့အတူ တိုင်းစစ်ဌာနချုပ်များ အလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊စစ်သည်၊မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျုံပျော်တွင် နေကြာသီးနှံမျိုးစေ့ထုတ် စိုက်ခင်း မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

ကျုံပျော် နိုဝင်ဘာ ၂၄

၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းရာသီ နေကြာသီးနှံမျိုးစေ့ထုတ်စိုက်ခင်း မျိုးစေ့ချ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရှမ်းစုကျေးရွာရှိ ကွင်းအမှတ် (၁၀၂၂) တောင်သူဦးစိုးသန်း၏ နေကြာသီးသန့်စိုက် ၅ ဒသမ ၀၁ ဧကအတွင်း၌ ယမန်နေ့ နံနက် ၉ နာရီက ပြုလုပ်သည်။

ကွင်းသရုပ်ပြပွဲသို့ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် တောင်သူများ အသီးသီးတက်ရောက်ကြပြီး ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ကျော်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးမြတ်သိန်းဇော်တို့က မြို့နယ်အတွင်း နေကြာစိုက်ပျိုးလျက်ရှိသည့် အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက မျိုးစေ့ချစိုက်ပျိုးခြင်း၊ လက်တွေ့စိုက်ပျိုးနေမှုများအား ကွင်းဆင်းကြည့်ရှုအားပေးရာ စိုက်ပျိုးရေးဦးစီးမှူးက ထွန်ယက်၍ မျိုးစေ့ချ စိုက်ပျိုးခြင်းနှင့် စက်အသုံးပြု မျိုးစေ့ချစိုက်ပျိုးခြင်းတို့ကို လက်တွေ့ရှင်းလင်းပြသခဲ့ကြသည်။

ကျုံပျော်မြို့နယ်တွင် နေကြာစိုက်ပျိုးရန် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၂ ရှိပြီး သီးသန့်(သီးထပ်) ၇၅ ရာခိုင်နှုန်း ဧက ၈၃၃၀ နှင့် သီးညှပ် ၂၅ ရာခိုင်နှုန်း ၂၇၇၆ ဧက စုစုပေါင်း ၁၁၁၀၆ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ၂၆၁၇ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စုအတွင်း မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်တွင် တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု တောင်သူဦးဝင်းမောင်၏ ဧည့်မထ (အထွက်ကောင်းမျိုးကောင်း)ကိုယ်စားပြု မိုးစပါးစိုက်ခင်းတွင် သုည ဒသမ ၀၀၁ ဧက စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအခြောက်အထွက်နှုန်း ၉၈ ဒသမ ၇၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။



စံကွက်ရိတ်သိမ်းပွဲသို့ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ပြည်နယ်စီမံကိန်းဦးစီးဌာနမှူး၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူး၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှူး၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ၂၂၂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၀၄၀ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၅ | ၂၀၈၅ | ၂၃၀၅ | ၂၉၂၀ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၅ | ၂၁၄၀ | ၂၁၆၅ | ၂၁၅၀ | ၂၁၂၅ | ၂၂၂၀ | ၂၂၃၅ | ၂၁၃၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၈၀ | ၂၁၈၀ | ၂၄၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၉၀ | ၂၄၃၅ | ၂၄၃၀ | ၂၄၀၀ | ၂၄၃၅ | ၂၄၅၅ | ၂၄၅၅ | ၂၄၂၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၃၅ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၅ | ၂၆၉၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၆၅ | ၂၅၁၀ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၀၅ | ၂၅၁၅ | ၂၅၄၅ | ၂၅၅၀ | ၂၅၅၀ | ၂၇၇၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၄၆၅ | ၂၅၁၀ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၀၅ | ၂၅၁၅ | ၂၅၄၅ | ၂၅၅၀ | ၂၅၅၀ | ၂၇၇၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၂ | ၁၉၇၄ |
| 95 Ron | ၁၉၉၅ | ၂၀၆၈ |
| HSD (500 ppm) | ၂၂၈၀ | ၂၃၅၅ |
| HSD (50 ppm) | ၂၃၅၄ | ၂၄၃၀ |
| HSD (10 ppm) | ၂၃၅၄ | ၂၄၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကျောက်ဖြူခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပ



**ကျောက်ဖြူ နိုဝင်ဘာ ၂၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်ရေးနှင့် အတွေးအမြင်ကောင်းများရရှိရေးအတွက် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်ဖြူခရိုင်ရုံးလူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာဖတ်ခြင်းအကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ကျင်းပသည်။ လူငယ်စကားဝိုင်းအတွက် အထက(၁) Grade-11 မှ မောင်မင်းဟိန်းထက်က စာရေးဆရာ ဗန်းမော်သိန်းဖေရေးသားသည့် "အသေးအဖွဲလေးတွေနဲ့ စိတ်ညစ်မနေပါနဲ့" စာအုပ်ကို ဖတ်ရှုခြင်းမှ ရရှိလာသည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ အထက(၁) Grade-11 မှ မအိအိမိုးက စာရေးဆရာ ပီမိုးနင်းရေးသားသည့် "တက်လူကွ" စာအုပ်ကိုဖတ်ရှုခြင်းဖြင့် ရရှိလာသည့်အကျိုးကျေးဇူးများကို လည်းကောင်း၊ အထက(၂) Grade-11 မှ မောင်စိုင်းဘုန်းထူးက စာရေးဆရာ Mask Man Son ရေးသားပြီး ချမ်းမြေ့ဝင်း ဘာသာပြန်ထားသည့် "ဂရုမစိုက်ခြင်းအနုပညာ" စာအုပ်ကိုဖတ်ရှုခြင်းဖြင့် ရရှိလာသည့်အကျိုးကျေးဇူးများကို လည်းကောင်း၊ အထက(၂) Grade-11 မှ မဝင်းဝင်းရွှေက စာရေးဆရာ သိုးဆောင်းရေးသားသည့် "လျှို့ဝှက်မြို့ရိုး၏ နောက်ဆုံးအုပ်ချုပ်" စာအုပ်ကို ဖတ်ရှုခြင်းဖြင့် ရရှိလာသည့်အကျိုးကျေးဇူးများကို လည်းကောင်း၊ အထက(၃) Grade-11 မှ မောင်ဇင်မင်းစိုးက စာရေးဆရာ ဟန်ထိန်ရေးသားသည့် "မေတ္တာသာအောင်စေသည်" စာအုပ်ကိုဖတ်ရှုခြင်းဖြင့် ရရှိလာသည့်အကျိုးကျေးဇူးများကိုလည်းကောင်း၊ အထက(၃) Grade-10 မှ မရွှန်းလဲ့ရွှေရည်ကျော်က စာရေးဆရာ ဖေမြင့်ရေးသားသည့် "နှလုံးသားအာဟာရရသစာပေများ" စာအုပ်ကိုဖတ်ရှုခြင်းဖြင့် ရရှိလာသည့်အကျိုးကျေးဇူးများကို လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာအထက်တန်း ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။ နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ရွှေသွေးဂျာနယ်ထွက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၆ -၁၁ - ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၄၈) တွင် မျောက်နီတာ၏ ပညာဉာဏ်ရှိမှုကြောင့် အသက်ဘေးက လွတ်မြောက်သွားသော ရွှေယုန်အကြောင်း ရေးဖွဲ့ထားသည့် "ရွှေယုန်နဲ့အိပ်မက်" မျက်နှာဖုံးကာတွန်း၊ ဂျပန်ရိုးရာအားကစားနည်းတစ်ခုဖြစ်သည့် ဆူမိုနပန်းပွဲအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "ဂျပန်ရဲ့ကြီးကျယ်ခမ်းနားတဲ့ ဆူမိုနပန်းပွဲ" သုတဆောင်းပါး၊ ကျေးဇူးရှင်သခင်များအပေါ် အလိုက်သိတတ်ပြီး ကျေးဇူးသိတတ်သော ခွေးလေးအောင်နက်၏ သနားစဖွယ်အဖြစ်ကိုရေးဖွဲ့ထားသည့် "ကျေးဇူးသိသောအောင်နက်လေး" နှစ်မျက်နှာကာတွန်း၊ မိဘများ၏ အလိုလိုက်ခြင်းကို ခံရသော်လည်း အလိုက်မသိတတ်သော ကျောင်းသူလေး မိစုသည် နောက်ဆုံးတွင် မိဘများအပေါ် အမြင်မှန်ရလာပုံအကြောင်း တင်ဆက်ထားသည့် "မိသားစုသံယောဇဉ်" ဝတ္ထုကကျွ၊ သစ်သီးဆိုင်က သစ်သီးကို ပိုင်ရှင်မသိအောင် ယူပြေးရာက ဒုက္ခရောက်ရသော လူငယ်လေးတစ်ယောက်အကြောင်း သရုပ်ဖော်ထားသည့် "အကြံ" တစ်မျက်နှာကာတွန်း၊ လူတစ်စု၏မတော်လောဘစိတ်ကြောင့် တစ်ရွာလုံး ဆင်းရဲသွားရပုံအကြောင်း ရေးဖွဲ့ထားသည့် "ဂျုံစက်ပိုင်ရှင် အဘိုးကြီး" ပုံပြင်ကဏ္ဍ၊ သားသား၊ မီးမီးတို့သည် ကိုယ်ကျင့်သီလငါးပါးကို စောင့်ထိန်းခြင်းဖြင့် မြင့်မြတ်သူများဖြစ်အောင် ကြိုးစားသင့်ကြောင်း ရေးဖွဲ့ထားသည့် ဆရာအောင်ဇော်ဦး(ကြို့ပင်ကောက်)၏ "ငါးပါးသီလ" ကဗျာကဏ္ဍ အပါအဝင်ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်စကားဝိုင်းကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ဒီမိုကရေစီ သို့မဟုတ် ကောင်းမွန်သောနိုင်ငံရေးစနစ်

ပိုက်တင်

ဒီမိုကရေစီစနစ်ဟာ အင်မတန်ကောင်းမွန်တဲ့ နိုင်ငံရေးစနစ်ဆိုတာ အထူးတလည်ပြောနေစရာမလိုတဲ့အမှန်တရားတစ်ရပ်ပါ။ ဒီလိုကောင်းမွန်တာကြောင့်လည်း ကမ္ဘာ့နိုင်ငံအများအပြားမှာ နိုင်ငံသားတွေရဲ့ဆန္ဒနဲ့ ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာအောင် တည်ဆောက်နေတဲ့ နိုင်ငံတွေရှိနေရတာဖြစ်ပြီးတော့ ဒီမိုကရေစီစနစ်ကို ကိုယ့်တိုင်းပြည်ရဲ့ နိုင်ငံရေးယဉ်ကျေးမှုနဲ့ အပ်စပ်သင့်တော်အောင် စနစ်တကျကျင့်သုံးနိုင်တဲ့ နိုင်ငံတိုင်းဟာလည်း ဖွံ့ဖြိုးတိုးတက်ပြီးတော့ ငြိမ်းချမ်းသာယာနေကြတာဖြစ်ပါတယ်။

ကေသရာဇာခြင်္သေ့မင်းတို့ရဲ့အဆီဟာ သိင်္ဂီရွှေခွက်နဲ့သာ ထိုက်တန်တယ်ဆိုတဲ့စကား ကြားဖူးကြပါလိမ့်မယ်။ အဓိပ္ပာယ်ကတော့ အင်မတန်ကောင်းမွန်ပြီး အဖိုးထိုက်အဖိုးတန်ဖြစ်တဲ့ တစ်စုံတစ်ရာကို ထည့်သွင်းသိမ်းဆည်းဖို့အတွက် သူနဲ့ အပ်စပ် သင့်တင့်လျောက်ပတ်လိုက်ဖက်ညီတဲ့ ထည့်စရာသိမ်းစရာနေရာတစ်ခုကိုသာ အသုံးပြုရမယ်ဆိုတဲ့သဘောပါပဲ။ ဒီမိုကရေစီဆိုတာဟာ ကေသရာဇာခြင်္သေ့မင်းတို့ရဲ့အဆီလို့ သဘောထားမယ်ဆိုရင်တော့ နိုင်ငံသားတွေဆိုတာဟာ သိင်္ဂီရွှေခွက်ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ် ကောင်းမွန်စွာရှင်သန်ဖွံ့ဖြိုးလာပြီးတော့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ လူမှုဘဝတွေ တဖြည်းဖြည်းတိုးတက်ကောင်းမွန်လာရေး၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ ငြိမ်းချမ်းခြင်းဆိုတဲ့ လောကပါလတရားတွေ ထာဝရရှင်သန်တည်တံ့နိုင်ရေးအတွက်ဆိုရင် ဒီမိုကရေစီစနစ်ကို ကောင်းစွာပြုစုပျိုးထောင်နိုင်တဲ့၊ ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ နိုင်ငံသားတွေဖြစ်ကြဖို့ နည်းမှန်လမ်းမှန်နဲ့ စဉ်ဆက်မပြတ်လေ့ကျင့်လုပ်ကိုင်နေကြရမယ်ဆိုတာကို နိုင်ငံသားတိုင်းက ကောင်းစွာနှလုံးသွင်းနိုင်ကြပြီဆိုတာနဲ့ ဒီမိုကရေစီစနစ်ဆိုတာဟာ တစ်နေ့တခြား ရင့်သန်တိုးတက် ဖွံ့ဖြိုးလာမှာ မုချဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ဆိုတာ အင်မတန်ကောင်းမွန်သလောက် အင်မတန်မှလည်း ခဲရာခဲဆစ်ထူထောင်ယူရတယ်ဆိုတာကိုလည်း နိုင်ငံသားတွေအနေနဲ့ ကောင်းစွာသိရှိနားလည်ကြဖို့ လိုအပ်ပါလိမ့်မယ်။ တော်တော်တန်တန်အားထုတ်မှုလောက်နဲ့၊ တော်ရုံတန်ရုံ ရယူပိုင်ဆိုင်ချင်တဲ့ စိတ်ဆန္ဒလောက်နဲ့တော့ ဘယ်နိုင်ငံမှာမှ လွယ်လင့်တကူဖြစ်တည်မလာခဲ့ဖူးတဲ့ ဒီမိုကရေစီစနစ်ကို နိုင်ငံတစ်နိုင်ငံမှာ နေ့ချင်းညချင်း အခိုင်အမာပေါ်ထွန်းဖြစ်တည်လာဖို့ မျှော်လင့်လို့မဖြစ်နိုင်ပါဘူး။ အကောင်းဆုံးဆိုတဲ့ ဘယ်အရာကိုမှ လွယ်လင့်တကူရယူပိုင်ဆိုင်လို့ ရနိုင်တယ်ဆိုတာဟာ လောကမှာမရှိနိုင်ပါဘူး။ ဒီမိုကရေစီစနစ်ဆိုတာဟာ အမှန်တကယ်ဖြစ်ထွန်းလာတဲ့အခါ နိုင်ငံတစ်ခုကို လောကနိဗ္ဗာန်တစ်ခုအဖြစ် ပြောင်းလဲပစ်နိုင်တာ အမှန်ဖြစ်သလို အဲဒီလိုဖြစ်ထွန်းလာဖို့ဆိုရင်လည်း နိုင်ငံသားအားလုံးက စိတ်ကူးယဉ်သက်သက် လိုချင်တပ်မက်မှုမျိုးမဟုတ်ဘဲ လုံ့လောက်တဲ့ ဆွဲ၊ လုံ့လ၊ ဝီရိယနဲ့ နည်းမှန်လမ်းမှန် ကြိုးပမ်းအားထုတ်နိုင်ကြမှသာ အမှန်တကယ်ဖြစ်ထွန်းလာမယ်ဆိုတာကို သတိချပ်ကြဖို့ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုလို ဒီမိုကရေစီဘိုးအေနိုင်ငံကြီးလို့ ပြောစမှတ်ရှိတဲ့ နိုင်ငံရဲ့ဒီမိုကရေစီစနစ်ဟာ ၁၇၈၉ ခုနှစ် ဂျော့ဝါရှင်တန်သမ္မတအဖြစ် စတင်တာဝန်ယူချိန်က စတင်တွက်ချက်မယ်ဆိုရင် နှစ်ပေါင်းနှစ်ရာကျော်လောက် ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဟာ အတော်ကြီးအသားကျနေပြီဖြစ်သလို နိုင်ငံသားတွေဟာလည်း ဒီမိုကရေစီစနစ်ရဲ့ကောင်းကျိုးချမ်းသာတွေကို ခံစားစံစားနေကြရပြီဖြစ်ပေမယ်လို့ ဒီကနေ့အချိန်အထိ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတုန်းဆိုတာတွေ့ရပါတယ်။ ဥပမာအားဖြင့် သမ္မတဒေါ်နယ်ထရမ့်လက်ထက်မှာ နိုင်ငံရဲ့စီးပွားရေး၊ နိုင်ငံရေးနဲ့ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွေမှာ ကမောက်ကမတွေ ကြုံတွေ့ခဲ့ကြရတာကြောင့် ခက်ခက်ခဲခဲရုန်းကန်နေကြရတာ ဒီကနေ့အချိန်အထိဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို လွယ်လင့်တကူထူထောင်ပြီး ခုရေတွင်းတူး ခုရေကြည်သောက်ချင်လို့ ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာကိုလည်း မဖြစ်မနေကောင်းစွာနားလည်သဘောပေါက်ကြဖို့ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့်ဆိုရရင် ဒီမိုကရေစီဆိုတာ အင်မတန်ကောင်းမွန်တဲ့ နိုင်ငံရေးစနစ်ဖြစ်သလောက် အင်မတန်မှလည်း ထူထောင်ဖို့ခက်ခဲတယ်ဆိုတာရယ်၊ ရေရှည်တည်တံ့ဖို့လည်း တော်ရုံနဲ့မဖြစ်နိုင်ဘူးဆိုတာရယ်ကို နိုင်ငံသားတွေအားလုံးက ကောင်းစွာနားလည်သဘောပေါက်ကြပြီးတော့ ဒီမိုကရေစီနဲ့ အံဝင်ခွင်ကျရှိတဲ့ နိုင်ငံရေးယဉ်ကျေးမှုဖြစ်တည်လာဖို့ တစ်နည်းအားဖြင့် ကေသရာဇာခြင်္သေ့မင်းတို့ရဲ့အဆီနဲ့ထိုက်တန်တဲ့ သိင်္ဂီရွှေခွက်ဖြစ်နိုင်ဖို့ လိုအပ်ပါတယ်။

> **ဒီမိုကရေစီဆိုတာဟာ ကေသရာဇာခြင်္သေ့မင်းတို့ရဲ့အဆီလို့ သဘောထားမယ်ဆိုရင်တော့ နိုင်ငံသားတွေဆိုတာဟာ သိင်္ဂီရွှေခွက်ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ် ကောင်းမွန်စွာရှင်သန်ဖွံ့ဖြိုးလာပြီးတော့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ လူမှုဘဝတွေ တဖြည်းဖြည်းတိုးတက်ကောင်းမွန်လာရေး၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ ငြိမ်းချမ်းခြင်းဆိုတဲ့ လောကပါလတရားတွေ ထာဝရရှင်သန်တည်တံ့နိုင်ရေးအတွက်ဆိုရင် ဒီမိုကရေစီစနစ်ကို ကောင်းစွာပြုစုပျိုးထောင်နိုင်တဲ့၊ ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ နိုင်ငံသားတွေဖြစ်ကြဖို့ နည်းမှန်လမ်းမှန်နဲ့ စဉ်ဆက်မပြတ်လေ့ကျင့်လုပ်ကိုင်နေကြရမယ်ဆိုတာကို နိုင်ငံသားတိုင်းက ကောင်းစွာနှလုံးသွင်းနိုင်ကြပြီဆိုတာနဲ့ ဒီမိုကရေစီစနစ်ဆိုတာဟာ တစ်နေ့တခြား ရင့်သန်တိုးတက်ဖွံ့ဖြိုးလာမှာမုချဖြစ်**

အောက်မှာဖော်ပြထားတဲ့ အချက်အလက်တချို့ကို စေ့ငုကြပြီးတော့ ဒီအချက်အလက်တွေဟာ မှန်ကန်သင့်မြတ်တယ်၊ နိုင်ငံသားတိုင်းက လက်ခံကျင့်သုံးဖို့ မဖြစ်မနေလိုအပ်တယ်ဆိုတာကို လက်ခံနိုင်ကြပြီဆိုတာနဲ့ ဒီမိုကရေစီခရီးဟာ အများကြီးပန်းတိုင်နားကို အလျင်အမြန်နီးကပ်သွားမယ်လို့ ပြောချင်ပါတယ်။

### inclusiveness

ဒီမိုကရေစီစနစ်ဆိုတာ နိုင်ငံသားအားလုံးကို ကောင်းစွာကိုယ်စားပြုပြီးတော့ နိုင်ငံသားအားလုံး တန်းတူညီမျှ ပါဝင်နိုင်တဲ့အခြေအနေတစ်ရပ် မရှိဘဲနဲ့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒီမိုကရေစီစနစ်ဆိုတာ ထောက်ခံမှုများသူက အစိုးရလုပ်ကြေးဆိုတဲ့ အချက်ဟာ မှန်ကန်ပေမယ့် ဒီတစ်ချက်တည်းနဲ့ အရာခပ်သိမ်းဟာ ပြီးပြည့်စုံပြီလို့ အတွေးတိမ်တိမ် အသိတိမ်တိမ်နဲ့ ယူဆနေကြသရွေ့ ဖြစ်လာဖို့ အင်မတန်မှ ခဲယဉ်းပါလိမ့်မယ်။ နိုင်ငံသားအားလုံးဟာ နိုင်ငံတော်ကိုပိုင်ဆိုင်ကြတဲ့ အကျိုးဆိုင်သူတွေဖြစ်ပါတယ်။ အားလုံးရဲ့ စိတ်ဆန္ဒတွေ၊ လိုလားချက်တွေ၊ အခွင့်အရေးတွေကို အတတ်နိုင်ဆုံးဖြည့်ဆည်းနိုင်ဖို့အားလုံးကို ပါဝင်ခွင့်ပေးနိုင်မှသာ၊ လူနည်းစုပင်ဖြစ်ပါစေ လူတိုင်းရဲ့မျှော်လင့်ချက် ယုံကြည်ချက်တိုင်းကို အလေးထားပြီး အကောင်အထည်ဖော်နိုင်ဖို့ မပျက်ကွက်ကြမှသာ ဖြစ်လာနိုင်ပါတယ်။ အားလုံးပါဝင်ခွင့်ဆိုတဲ့အခြေအနေကို အတတ်နိုင်ဆုံးဖန်တီးကြဖို့၊ ချဲ့ထွင်ပေးကြဖို့ လက်ခံနိုင်ကြမှသာ ဒီမိုကရေစီဆိုတာ ဖြစ်နိုင်ပါတယ်။

### justice

တရားမျှတခြင်းဆိုတာဟာ ဥပဒေများက ပြဋ္ဌာန်းပေးတဲ့အပိုင်းနဲ့ နိုင်ငံသားတွေရဲ့ စိတ်ဓာတ်ထဲမှာ ကိန်းအောင်းဖြစ်တည်နေတဲ့အပိုင်းရယ်လို့ နှစ်ပိုင်းရှိပါတယ်။ ဥပဒေတွေကို တရားမျှတခြင်းနဲ့ ပတ်သက်ရင် အကောင်းဆုံးအခြေအနေကို မရောက်ရောက်အောင် တဖြည်းဖြည်းပြုပြင်မွမ်းမံပြဋ္ဌာန်းပေးဖို့ လိုအပ်ပါတယ်။ ခေတ်ကာလ အခြေအနေအချိန်အခါအလိုက် တရားမျှတခြင်းကို ထင်ဟပ်နိုင်တဲ့ ဥပဒေတွေဖြစ်နေဖို့ကို မျက်ခြည်မပြတ်ဆောင်ရွက်နေကြဖို့ လိုအပ်ပါတယ်။ တစ်ဖက်မှာလည်း ဥပဒေတွေက ဘယ်လောက်ပင် အကောင်းဆုံးအခြေအနေကို တည်ဆောက်ပေးထားသော်ငြားလည်း နိုင်ငံသားတို့ရဲ့ အသိစိတ်ဓာတ်မှာက အတ္တဖုံးလွှမ်းနေမယ်၊ အသာစီးရလိုမှု လွှမ်းကဲနေမယ်၊ စာနာစိတ်တွေ ကင်းမဲ့နေမယ်၊ အနိုင်ယူလိုမှုတွေ လွှမ်းကဲနေမယ်ဆိုရင် လူ့အဖွဲ့အစည်းအတွင်း တရားမျှတမှုဟာ အမှန်တကယ်ဖြစ်တည်လာဖို့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ တရားမျှတမှုဟာ လူ့အဖွဲ့အစည်းကို တဖြည်းဖြည်းလွှမ်းမိုးလာတာနဲ့အမျှ ဒီမိုကရေစီစနစ်ဆိုတာလည်း သေချာပေါက် တဖြည်းဖြည်း ပုံပေါ်ဖြစ်တည်လာတဲ့သဘောရှိပါတယ်။ တရားမျှတခြင်းကို ကောင်းစွာအခြေခံမှသာလျှင် တန်းတူညီမျှခြင်းဆိုတဲ့ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရဖြစ်တဲ့ နိုင်ငံသားတိုင်းမဖြစ်မနေရရှိခံစားရမယ့် အခွင့်အရေးဟာဖြစ်တည်လာနိုင်မှာဖြစ်ပြီးတော့ ရေရှည်ငြိမ်းချမ်းသာယာဝပြောတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းလာဖို့ မျှော်လင့်နိုင်ကြပါလိမ့်မယ်။

### cooperation

ဒီမိုကရေစီဆိုတာ မတူကွဲပြားမှုတွေ လှပစွာပေါင်းစည်းညီညွတ်ခြင်းရယ်လို့ တစ်နည်းတစ်လမ်းအားဖြင့် အဓိပ္ပာယ်ရှိပါတယ်။ ဒီမိုကရေစီဆိုတာ တစ်ပါတီလွှမ်းမိုးတဲ့စနစ် မဟုတ်ပါဘူး။ ပါတီတိုင်းဟာ ရပ်တည်ခွင့်ရှိပါတယ်။ ယှဉ်ပြိုင်ခွင့်ရှိပါတယ်။ အုပ်ချုပ်ခွင့်ရှိပါတယ်။ မတူကွဲပြားတဲ့ ယုံကြည်ချက်တွေ၊ စည်းမျဉ်းတွေ၊ မူဝါဒတွေရှိကြလို့ပဲ ပါတီတွေတစ်ခုမက ကွဲပြားနေကြတာဖြစ်ပြီးတော့ အဲဒီလိုကွဲပြားနေကြတာကပဲ ဒီမိုကရေစီရဲ့အနှစ်သာရတစ်ရပ်ဖြစ်တယ်ဆိုတာ နားလည်ကြမှာပါ။ နိုင်ငံတည်ဆောက်ရေးကို ကြိုးပမ်းကြတဲ့နေရာမှာ အဲဒီလို မတူကွဲပြားတဲ့အင်အားစုတွေအကြား မတူတာကို သက်သက်ညှိနှိုင်းယူဖို့ စဉ်းစားရင်း အတတ်နိုင်ဆုံး တူညီတဲ့အလုပ် (နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ကောင်းကျိုးစီးပွား)ကို အတူတကွစည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြခြင်းဆိုတာကလည်း ဒီမိုကရေစီရဲ့ နောက်ထပ်အနှစ်သာရတစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံရေးသမားတွေအကြား၊ နိုင်ငံရေးပါတီတွေအကြား ပူးပေါင်းဆောင်ရွက်နိုင်ကြခြင်း မရှိရင် နိုင်ငံသားတွေအချင်းချင်းကြား စည်းလုံးညီညွတ်မှုအပေါ် တိုက်ရိုက်ရိုက်ခတ်မှုရှိတာကြောင့် ဘယ်တော့မှ ဒီမိုကရေစီစနစ်ကို ထူထောင်ဖို့ မဖြစ်နိုင်ဘူးဆိုတာကို ကောင်းစွာနားလည်သဘောပေါက်ကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။

### Unity

မတူညီတဲ့ နိုင်ငံတည်ဆောက်ရေးအင်အားစုတွေအကြား၊ နိုင်ငံသားတွေအကြား ညီညွတ်ကြဖို့ဟာ ဒီမိုကရေစီစနစ် အမှန်တကယ်ပီပီပြင်ပြင်ပေါ်ထွန်းလာရေးအတွက် အင်မတန်မှ အရေးကြီးလှတဲ့ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ မတူကွဲပြားတဲ့ယုံကြည်ချက် ရပ်တည်ချက်တွေနဲ့ မတူကွဲပြားတဲ့ အစုအဖွဲ့တွေရှိနေခြင်းဟာ ဒီမိုကရေစီရဲ့ သွင်ပြင်လက္ခဏာရပ်တစ်ခုဖြစ်သလိုပဲ နိုင်ငံသားတွေအားလုံး စည်းလုံးညီညွတ်စွာနဲ့ တူညီတဲ့ကံကြမ္မာကို ဖန်တီးကြခြင်းဆိုတဲ့အချက်ကလည်း ဒီမိုကရေစီဖြစ်ထွန်းတဲ့ လူ့အဖွဲ့အစည်းတိုင်းရဲ့ သွင်ပြင်လက္ခဏာတစ်ရပ်ဖြစ်ပါတယ်။ မတူညီတဲ့ ရပ်တည်ချက်၊ ယုံကြည်ချက်တွေကြား ရန်သူတွေအဖြစ်ရှုမြင်နေကြပြီးတော့ ညီညွတ်မှုပြိုပျက်နေတဲ့ နိုင်ငံတစ်ခုမှာ ဒီမိုကရေစီစနစ် ပေါ်ပေါက်ထွန်းကားချင်တယ်ဆိုရင်တော့ စိတ်ကူးယဉ်အိပ်မက်မက်နေသလိုသာ ရှိပါလိမ့်မယ်။ ညီညွတ်ခြင်းကို ဦးတည်တဲ့ ပြောဆိုမှု၊ လုပ်ကိုင်ဆောင်ရွက်မှုကို နိုင်ငံသားတိုင်း အဖွဲ့အစည်းတိုင်းက ဦးတည်ထားကြမှသာ ဖြစ်နိုင်ပါတယ်။ စိတ်ရှည်သည်းခံခြင်း၊ မတူကွဲပြားတဲ့ ယုံကြည်ချက်တွေကို လေးစားခြင်း၊ လူတိုင်းရဲ့ အခြေခံအခွင့်အရေးတွေကို တန်ဖိုးထားခြင်း၊ ခွင့်လွှတ်ခြင်း၊ နားလည်ခြင်း၊ သဘောထားကြီးခြင်း စတဲ့ လူမှုကျင့်ဝတ်တွေကို နိုင်ငံသားတိုင်းက နှလုံးသွင်းလေ့ကျင့်နိုင်ကြရင် ညီညွတ်ရေးကို ကောင်းစွာတည်ဆောက်နိုင်မှာဖြစ်ပြီး ညီညွတ်ခြင်းအားဖြင့်သာ ဒီမိုကရေစီစနစ်ဟာ ပေါ်ထွန်းဖြစ်တည်နိုင်တယ်ဆိုတာကို မမေ့ကြဖို့ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြရရင် ဒီမိုကရေစီစနစ်ကို ချက်ချင်းထူထောင်ပြီးတော့ ချက်ချင်းခံစားစံစားကြဖို့ ဘယ်တော့မှမစဉ်းစားကြပါနဲ့။ ဘယ်နိုင်ငံမှာမှ ဘယ်တုံးကမှ ရုတ်တရက်ချက်ချင်း ဒီမိုကရေစီစနစ်ပေါ်ပေါက်လာပြီး အပီအပြင်ဖြစ်ထွန်းတယ်ဆိုတာ သမိုင်းမှာမရှိပါဘူး။ အထက်မှာဖော်ပြထားတဲ့ ဒီမိုကရေစီစနစ်လက်တွေ့ဖြစ်ထွန်းနိုင်စေရေး မရှိမဖြစ် လိုအပ်တဲ့အခြေခံအကြောင်းတရားတွေကို နိုင်ငံသားဘယ်လောက်များများက လက်တွေ့ကျကျကျင့်ကြံဖို့ အဆင်သင့်ဖြစ်ကြပြီလဲဆိုတဲ့ မေးခွန်းကို ဖြေကြည့်ကြဖို့ လိုအပ်ပါတယ်။ ဒီအကြောင်းအချက်တွေနဲ့ပတ်သက်လို့ လိုအပ်ချက်တွေ သိပ်ကြီးမားနေသေးတယ်ဆိုရင် ဒီမိုကရေစီစနစ်နဲ့ဝေးနေဦးမယ်ဆိုတဲ့ အဖြေပဲရမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို တစ်ဖက်မှာကြိုးစားထူထောင်ကြရင်းနဲ့ တစ်ဖက်မှာလည်း နိုင်ငံရေးစနစ်ကောင်းတစ်ရပ်ရှင်သန်ဖွံ့ဖြိုးနိုင်တဲ့ နိုင်ငံရေးယဉ်ကျေးမှုရေခံမြေခံကောင်းတစ်ရပ်ကို ပြုစုပျိုးထောင်နိုင်မှသာ တဖြည်းဖြည်းချင်းနဲ့ ကောင်းသထက်ကောင်း၊ ပြည့်စုံသထက်ပြည့်စုံတဲ့ ဒီမိုကရေစီစနစ်ဆိုတာ ပေါ်ပေါက်လာမယ်လို့ မျှော်မှန်းနိုင်တာမို့ အားလုံးက အသိဉာဏ်ပညာကို လက်ကိုင်ထားကြပြီး စိတ်ရှည်လက်ရှည် ညီညီညွတ်ညွတ်နဲ့အနာဂတ်ကောင်းတစ်ခုကို အတူတကွပုံဖော်နိုင်ကြရေး နှလုံးသွင်းကြစေလိုပါကြောင်း လေးစားချစ်ခင်စွာဖြင့် သတိပေးတိုက်တွန်းလိုက်ရပါတယ်။ ။

# မသင်မနေရ မြန်မာ့ပညာရေး အောင်မြင်ပါမှ . . .

ဒေါက်တာမောင်သင်း

**"ပညာရေးသည် အခြားမဟုတ်၊ လူသား၏ ပင်ကိုအရည်အသွေး တိုးတက်ဖွံ့ဖြိုးလာအောင် လေ့ကျင့်ပေးခြင်းပင်ဖြစ်သည်။"**

**ရူးဆိုး (Rousseau)**

ကျွန်တော်တို့ ယနေ့နိုင်ငံတော်အတွက် ကြိုးပမ်းနေကြသောအရာများသည် ကိုယ့်နိုင်ငံကို သူများ (ကမ္ဘာ့နိုင်ငံများ) နှင့် တူတူတန်တန်နေနိုင်ရန်၊ မျက်နှာပွင့်နိုင်ရန် ဖြစ်ပါသည်။ အထူးသဖြင့် အနာဂတ် မျိုးဆက်သစ်များအတွက် ရည်ရွယ်မျှော်မှန်းပြီး လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။ အဆိုပါ မျှော်မှန်းချက်ကို အကောင်အထည်ဖော်သည့်နေရာမှာ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းသာယာမှုတို့၏ အခြေခံအုတ်မြစ်သည် နိုင်ငံသားတစ်ဦးချင်းစီ၏ ပညာရည်မြင့်မားမှုအပေါ် မူတည်နေသည်ဟုခံယူပြီး ဆောင်ရွက်ရပါလိမ့်မည်။

**ပညာရေးကို အကောင်အထည်ဖော်**

နိုင်ငံသားတိုင်းတွင် မဖြစ်မနေ ရှိသင့်ရှိအပ်သော ဉာဏ်ပညာအရည်အသွေး မြင့်မားလေလေ တိုင်းပြည်အေးချမ်းလေလေဖြစ်ပါသည်။ တိုင်းပြည်ငြိမ်းချမ်းပါမှ ဖွံ့ဖြိုးမှုကို ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်မည်။ ထို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ချင်လျှင် နိုင်ငံသားများ၏ ပညာရည်မြင့်မားမှုကို ဦးစားပေးဆောင်ရွက်သင့်သည်ဟု ခံယူပြီး ပညာရေးကို အကောင်အထည်ဖော်ရပါလိမ့်မည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရခင် ၁၉၄၆ ခုနှစ်တွင် **"ပညာရေးစနစ်စုံစမ်းမှု"** ကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါကော်မတီ၏ အစီရင်ခံစာတွင် အခမဲ့ မသင်မနေရ မူလတန်းပညာရေးနှင့်ပတ်သက်ပြီး ယခုလို အကြံပြုဖော်ပြခဲ့ပါသည် –

(က) ခြောက်နှစ်မှ ဆယ်နှစ်အထိ ယောကျာ်းလေး၊ မိန်းကလေးအားလုံးအတွက် အခမဲ့ မူလတန်း မသင်မနေရ စနစ်တစ်ခုကို ချက်ချင်းစတင် စီမံဆောင်ရွက်ရန်၊

(ခ) မသင်မနေရလုပ်ငန်းအတွက် ပိုမိုကုန်ကျမည့် စရိတ်ကြေးငွေကို ဗဟိုအစိုးရနှင့် ဆိုင်ရာဒေသန္တရတို့က မျှ၍ဆောင်ရွက်ကြရန်ဟု ပါရှိပါသည်။

ထိုအစီရင်ခံစာ၌ ၁၉၂၅ – ၂၆ က အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် ပညာရေးအစီရင်ခံစာကို ကိုးကားဖော်ပြထားသည်လည်း ပါဝင်ပါသည်။ ယင်းမှာ **"မသင်မနေရ စနစ်သည် ငွေကုန်သလောက် အကျိုးရှိသဖြင့် အချိန်အခါကောင်းသည့်တိုင်အောင် စောင့်ဆိုင်းနေနိုင်သော အပိုစနစ်မဟုတ်၊ သို့အတွက် ဤစနစ်ကို စတင်ဆောင်ရွက်ရန် အမြန်ဆုံးနှင့် အများဆုံး ကြိုးစားလုပ်ဆောင်ကြရမည်"** ဟူ၍ ဖြစ်ပါသည်။



မြန်မာနိုင်ငံ၏ မသင်မနေရပညာရေးစနစ်အရ အခမဲ့ကျောင်းအပ်နှံနေသော မူလတန်းကျောင်းသားကျောင်းသူလေးများ။

**အောင်မြင်အောင်ကြိုးပမ်းရမည့် ကာလရောက်ပြီ**

ထို့အတူ **"ငွေမလောက်ခြင်းကို အကြောင်းပြု၍ လက်မှိုင်ချနေရန် မသင့်ကြောင်း"** ဟုလည်း ဖော်ပြထားပါသည်။ တကယ်တော့ ဒေါက်တာဘမော်၏ ပါတီမဲဆွယ်စည်းရုံးစဉ်ကာလ (၁၉၄၀ ပြည့်နှစ်မတိုင်မီ)တွင် မသင်မနေရ မူလတန်း ပညာရေးကို အကောင်အထည်ဖော်မည်ဟု ပါရှိခဲ့ပါသည်။ သို့သော်လည်း လွတ်လပ်ရေးရပြီးနောက် စုစုပေါင်း နှစ် ၇၀ ကျော်ကြာသည်အထိ အကောင်အထည်ပေါ်မလာခဲ့ပါ။ ယနေ့ အောင်မြင်အောင် ကြိုးပမ်းရမည့် ကာလရောက်ပြီဟု မြင်မိပါသည်။

ပါလီမန်ဒီမိုကရေစီအစိုးရ လက်ထက်တွင် ဝန်ကြီးချုပ်တာဝန်ယူခဲ့သည့် ဦးနု၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ပတ်သက်သည့် ထင်ရှားသည့် စကားမှာ **"ဖိုးသုညတွေနှင့် နိုင်ငံတည်ဆောက်၍ မရနိုင်"** ဟူ၍ ဖြစ်ပါသည်။ ကိုလိုနီဆိုးမွေနှင့် ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် စာမတတ်သူ ၆၅ ရာခိုင်နှုန်းကျော်ရှိသည်ကို လျော့နည်းစေလို၍ **"လူထုပညာရေးစီမံကိန်း"** ကို ချမှတ်ခဲ့သော်လည်း ထိုအချိန်က နိုင်ငံရေးအခြေအနေ အမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ပေ။ မဆလခေတ်တွင် စာတတ်မြောက်သူ ၇၈ ဒသမ ၆ ရာခိုင်နှုန်းသို့ တိုးမြှင့်နိုင်ခဲ့သော်လည်း မသင်မနေရအခြေခံပညာရေးကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိပေ။ ဆောင်းပါးအစတွင် ညွှန်းထားသည့် အတွေးအခေါ်ပညာရှင်ကြီး ရူးဆိုး (Rousseau) ပြောသကဲ့သို့ "လူသား၏ ပင်ကိုအရည်အသွေး တိုးတက်ဖွံ့ဖြိုးသူများ" နိုင်ငံအနှံ့ ရှိစေလို၍ ပညာရေးကို တိုင်းပြည်မငြိမ်မသက်ဖြစ်နေသည့်ကြားက အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါလိမ့်မည်။

**ပညာအခြေခံရှိပါမှ**

မသင်မနေရ ပညာရေးအဆင့်ကို ပြီးမြောက်သွားလျှင် နိုင်ငံသားကောင်းတစ်ဦးတွင် ရှိသင့်ရှိအပ်သော **"ပညာရေးအခြေခံ"** များကို ဖြည့်ပေးနိုင်လိမ့်မည်။ အဆိုပါ ပညာအခြေခံရှိပါမှ လူ့အဖွဲ့အစည်းကောင်းကျိုးများနှင့် ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းမှုတို့ကို သယ်ပိုးနိုင်မည်ဖြစ်၍ ဒုတိယကမ္ဘာစစ်အပြီးတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ မူလတန်းအဆင့်ပညာရေးကို နိုင်ငံသားတိုင်း ပြီးမြောက်စေရန် ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ နိုင်ငံတကာ၏ ရည်မှန်းချက်နှင့်အညီ ကျွန်တော်တို့လည်း အမီလိုက်နိုင်ရန်အတွက် ၁၉၄၆ ခုနှစ်ကတည်းက ရည်မှန်းချက်ထားခဲ့ပြီး ထိုအချိန်ကတည်းက အစိုးရကို အကြံပြုခဲ့ကြပါသည်။ သို့သော်လည်း အထက်မှာ ပြောခဲ့သလို လွတ်လပ်ရေးရပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် ပြည့်ပြည့်ဝဝ အကောင်အထည်မပေါ်လာခဲ့ပါ။

ယနေ့ ၂၁ ရာစုတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ မသင်မနေရ အခြေခံပညာရေး အကောင်အထည်ဖော်ရခြင်းကို အဓိကရည်မှန်းချက် နှစ်ချက်ထားရှိပြီး ဆောင်ရွက်နေကြပါသည်။

(၁) မိမိ၊ မိသားစု၊ မိမိပတ်ဝန်းကျင်နှင့် အလုပ်ခွင်တို့တွင် ရင်ဆိုင်ကြုံတွေ့ရသည့် ပြဿနာများကို စနစ်တကျ ရင်ဆိုင်ဖြေရှင်းပေးရာတွင် အထောက်အကူဖြစ်မည့် စာပေတတ်မြောက်မှု (အရေး၊ အဖတ်၊ အတွက်နှင့် အခြေခံဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ)နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသည့် ပြည်သူပြည်သားကောင်းများ မွေးထုတ်ပေးရန်၊

(၂) ဘဝတစ်လျှောက် စဉ်ဆက်မပြတ်လေ့လာပညာသင်ယူရေး (Formal Education နှင့် Informal Education တို့ကို ဆက်စပ်နိုင်ရေး)အတွက် ပညာအခြေခံအုတ်မြစ်များ ချထားပေးရန်တို့ ဖြစ်ပါသည်။

အထက်ပါ အရည်အသွေးများကို ပိုင်ဆိုင်ထားပြီဆိုလျှင် လူသားတစ်ဦးစီတွင် –

(၁) လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် လက်ရှိအခြေအနေမှန်များနှင့် လျော်ညီစွာ ကြိုးပမ်းအားထုတ်နိုင်စွမ်းရှိစေခြင်း၊

(၂) အသိပညာနှင့် နားလည်သဘောပေါက်မှုစွမ်းရည်မြင့်မားစေခြင်း၊

(၃) စိတ်ဓာတ်နှင့် အလေ့အကျင့်ကောင်းများဖြစ်ထွန်းစေခြင်း၊

(၄) စူးစမ်းလေ့လာလိုစိတ်ပွားများခြင်း၊

(၅) ကိုယ်ကျင့်တရားခိုင်မာမှုကို တန်ဖိုးထားခြင်း၊

(၆) အမြင်ကျယ်ခြင်းနှင့် ရှေ့ရေးကို ကြိုတင်မြော်မြင်တတ်ခြင်း၊

(၇) အစပျိုး တီထွင်ဆောင်ရွက်တတ်ခြင်း – (Initiative Ability) ဥပမာ– ဒေသတွင်းရှိ အခြားသူများ လူမှုစီးပွားဆုတ်ယုတ်နေချိန်တွင် သမားရိုးကျလမ်းဟောင်းမှ ဖယ်ခွာ၍ သမ္မာအာဇီဝကျစွာ နည်းလမ်းသစ်များကို ရှာကြံ၍ စီးပွားရှာနိုင်ခြင်း၊

(၈) လိုအပ်လျှင် အလုပ်ကို ပြင်းပြင်းထန်ထန်လုပ်ဆောင်နိုင်စွမ်းရှိခြင်း၊

(၉) အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဘုံရည်မှန်းချက်အတွက် ရပ်ရွာအကျိုး၊ အဖွဲ့အစည်းအကျိုးတို့ကို ဆောင်ရွက်နိုင်စွမ်းရှိခြင်းတို့ ဖြစ်ပါသည်။

မသင်မနေရပညာရေးဆိုသည်မှာ စာရေး၊ စာဖတ်သက်သက်နှင့် ပြဋ္ဌာန်းဖတ်စာအုပ်ပါ အကြောင်းအရာများလောက်သာ သိဖို့၊ တတ်ဖို့၊ သင်ဖို့ မဟုတ်ပါ။ ဖတ်စာအုပ်ပါ အကြောင်းအရာများကို တတ်မြောက်မှုနှင့်အပြိုင် တွေးတတ်၊ ခေါ်တတ်၊ မြော်မြင်တတ်ပြီး လူသားတိုင်းတွင် ပိုင်ဆိုင်ရမည့် အနိမ့်ဆုံး ဉာဏ်ရည်ဉာဏ်သွေးများကို ပိုင်ဆိုင်သွားအောင် လေ့ကျင့်ခြင်းပင်ဖြစ်ပါသည်။ လေ့ကျင့်ချိန်ပိုရလေလေ အရည်အသွေး ပိုမိုခိုင်မာလေလေဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့နိုင်ငံလို စာမေးပွဲရလဒ်အတွက် **"၏" "သည်" "၍"** မလွဲလောက်အောင်ကို ပြန်အံချရုံ သင်ပေးခြင်းသည် မသင်မနေရ ပညာရေး၏ ပန်းတိုင်မဟုတ်ကြောင်း အထူးသတိပြုသင့်ပါသည်။

**နိုင်ငံတကာပညာရေး၏ အမြင်နှင့် မျှော်မှန်းချက်**

ယနေ့အခါတွင် နိုင်ငံတကာပညာရေး၏ အမြင်နှင့် မျှော်မှန်းချက်တို့သည်လည်း ပြောင်းလဲလာခဲ့ပြီဖြစ်ပါသည်။ နိုင်ငံတကာတွင် ဒုတိယကမ္ဘာစစ်အပြီးကာလ၏ ရည်မှန်းချက်မှာ နိုင်ငံပြန်လည်ထူထောင်နိုင်ရေးပင် ဖြစ်ပါသည်။ ထိုအချိန်တွင် နိုင်ငံတည်ထောင်ရန် အများဆုံး လိုအပ်မှုသည် ကာယစွမ်းအားစု ဖြစ်ပါသည်။ ယနေ့ခေတ်၏ ရည်မှန်းချက်မှာ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါသည်။

ဖွံ့ဖြိုးရန်အတွက် နည်းပညာ စွမ်းအားသို့မဟုတ် ဉာဏစွမ်းအားစုတို့ဖြင့် အကောင်အထည်ဖော်ရမည့်ခေတ်ကို ရောက်ရှိနေပြီဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံသားတစ်ယောက်၏ အနိမ့်ဆုံးရှိရမည့် ပညာအခြေခံသည် မြင့်မားလာခဲ့သလို ပညာရှင်ကြီး ရူးဆိုး ဖွင့်ဆိုခဲ့သည့် **"လူသား၏ ပင်ကိုအရည်အသွေးဖွံ့ဖြိုးမှု"** အဆင့်တစ်ခုဆီ ရောက်ရှိအောင် လေ့ကျင့်ပေးရမည့် ကာလသည်လည်း ခေတ်ကိုလိုက်ပြီး ပြောင်းလဲခဲ့ပါသည်။

**ကမ္ဘာ့နိုင်ငံအလိုက် မသင်မနေရပညာသင်နှစ်များ**

ယူနက်စကို၏ ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေသော Global Education Digest မှာ ဖော်ပြထားသည့် ကမ္ဘာ့နိုင်ငံအသီးသီး၏ မသင်မနေရ အခြေခံပညာရေးနှင့်ပတ်သက်ပြီး သင်ကြားရန်လိုအပ်သည့် စုစုပေါင်း နှစ်အရေအတွက်ကို ကိုးကားဖော်ပြလိုက်ပါသည်။

စာမျက်နှာ ၁၉ သို့ ☆

> **"ပညာရေးစီမံခန့်ခွဲမှု ကောင်းခြင်းနှင့်အတူ ပညာရေးအဆောက်အအုံ၏ "မသင်မနေရပညာရေး" ဆိုသည့် အုတ်မြစ်လည်း ခိုင်မာရပါမည်။ မြင့်နေရပါမည်။ မြင့်မားနေရန်အတွက် လုံလောက်သော ပညာသင်ကြားရေးကာလနှင့် အဆင့်လိုအပ်ပါသည်။ မြောက်အမေရိက၊ အနောက်ဥရောပ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဩစတြေးလျနှင့် စင်ကာပူနိုင်ငံတို့ ဖွံ့ဖြိုးခြင်း၊ တိုးတက်ခြင်းမှာ သူတို့နိုင်ငံသားတိုင်းသည် တောင့်တင်းခိုင်မာသည့် အခြေခံပညာရေးကို မသင်မနေရသင်ယူခဲ့ကြ၍ဖြစ်"**

# စဉ့်ကူးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဖွဲ့စည်း

**စဉ့်ကူး နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ထပ်တိုးအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာများဖြစ်သော စားကျက်ကြီးကျေးရွာနှင့် ဆည်သည် (တောင်) ကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စားကျက်ကြီးကျေးရွာရှိ ရတနာဘုန်းမြင့်ဓမ္မာရုံတွင် နိုဝင်ဘာ ၂၂ ရက်ကလည်းကောင်း၊ ဆည်သည် (တောင်)ကျေးရွာရှိ ဝိပဿနာကျောင်းတိုက်ဓမ္မာရုံတွင် နိုဝင်ဘာ ၂၃ ရက်ကလည်းကောင်း စဉ့်ကူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးနိုင်အောင်စိုးက စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပြီး ကျေးလက်ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းကော်မတီဖွဲ့စည်းကာ သင်တန်းသား သင်တန်းသူများ ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

“အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး”

UNITE! Activism to End Violence Against Women & Girls

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက် မှ ဒီဇင်ဘာလ (၁၀)ရက်


☆ စာမျက်နှာ ၁၈ မှ

**၁။ အနောက်ဥရောပနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | အင်္ဂလန် | ၁၂ နှစ် |
| ၂။ | ပြင်သစ် | ၁၁ နှစ် |
| ၃။ | ဂျာမနီ | ၁၂ နှစ် |
| ၄။ | ဒိန်းမတ် | ၁၀ နှစ် |
| ၅။ | ဘယ်လ်ဂျီယံ | ၁၃ နှစ် |
| ၆။ | ဖင်လန် | ၁၀ နှစ် |
| ၇။ | ဂရိ | ၁၀ နှစ် |
| ၈။ | နယ်သာလန် | ၁၃ နှစ် |
| ၉။ | နော်ဝေ | ၁၁ နှစ် |
| ၁၀။ | စပိန် | ၁၁ နှစ် |
| ၁၁။ | ဆွစ်ဇာလန် | ၉ နှစ် |
| ၁၂။ | ဆွီဒင် | ၁၀ နှစ် |

**၂။ အာရပ်နှင့် အနီးတစ်ဝိုက်နိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | အီဂျစ် | ၉ နှစ် |
| ၂။ | အီရတ် | ၆ နှစ် |
| ၃။ | ဂျော်ဒန် | ၁၀ နှစ် |
| ၄။ | ကူဝိတ် | ၉ နှစ် |
| ၅။ | လစ်ဗျား | ၉ နှစ် |
| ၆။ | ဆော်ဒီအာရေဗီးယား | ၆ နှစ် |
| ၇။ | လက်ဘနွန် | ၉ နှစ် |
| ၈။ | ဆီးရီးယား | ၉ နှစ် |
| ၉။ | တူနီးရှား | ၉ နှစ် |
| ၁၀။ | အီရန် | ၈ နှစ် |
| ၁၁။ | အစ္စရေး | ၁၁ နှစ် |

**၃။ အလယ်နှင့် အရှေ့ဥရောပနိုင်ငံများ**

| စဉ် | နိုင်ငံများ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | အယ်ဘေးနီးယား | ၉ နှစ် |
| ၂။ | ဘူဂေးရီးယား | ၈ နှစ် |
| ၃။ | ချက်သမ္မတနိုင်ငံ | ၁၀ နှစ် |
| ၄။ | ဆလိုဗက်ကီးယား | ၉ နှစ် |
| ၅။ | တူကီယဲ | ၈ နှစ် |
| ၆။ | ယူကရိန်း | ၁၁ နှစ် |
| ၇။ | ခရိုအေးရှား | ၈ နှစ် |
| ၈။ | ဟန်ဂေရီ | ၁၀ နှစ် |
| ၉။ | ပိုလန် | ၉ နှစ် |
| ၁၀။ | ရုရှား | ၁၀ နှစ် |
| ၁၁။ | ရိုမေးနီးယား | ၁၀ နှစ် |

**၄။ အလယ်ပိုင်းအာရှနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | ဂျော်ဂျီယာ | ၉ နှစ် |
| ၂။ | အာမေးနီးယား | ၉ နှစ် |
| ၃။ | မွန်ဂိုလီးယား | ၉ နှစ် |
| ၄။ | အဇာဘိုင်ဂျန် | ၁၁ နှစ် |
| ၅။ | ဥဇဘတ်ကစ္စတန် | ၁၂ နှစ် |

**၅။ မြောက်အမေရိကနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | ကနေဒါ | ၁၁ နှစ် |
| ၂။ | အမေရိကန်ပြည်ထောင်စု | ၁၂ နှစ် |

**၆။ အာရှနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | အိန္ဒိယ | ၉ နှစ် |
| ၂။ | ပါကစ္စတန် | ၅ နှစ် |
| ၃။ | သီရိလင်္ကာ | ၉ နှစ် |
| ၄။ | တရုတ် | ၉ နှစ် |
| ၅။ | အင်ဒိုနီးရှား | ၉ နှစ် |
| ၆။ | ဂျပန် | ၉ နှစ် |
| ၇။ | ထိုင်း | ၉ နှစ် |
| ၈။ | တောင်ကိုရီးယား | ၉ နှစ် |
| ၉။ | ဖိလစ်ပိုင် | ၆ နှစ် |
| ၁၀။ | မလေးရှား | ၆ နှစ် |
| ၁၁။ | ဘရူနိုင်း | ၉ နှစ် |
| ၁၂။ | စင်ကာပူ | ၆ နှစ် |
| ၁၃။ | ဗီယက်နမ် | ၉ နှစ် |
| ၁၄။ | ဟောင်ကောင် | ၉ နှစ် |
| ၁၅။ | မြန်မာ | ၅ နှစ် |
| ၁၆။ | လာအို | ၅ နှစ် |
| ၁၇။ | ဘင်္ဂလားဒေ့ရှ် | ၅ နှစ် |

**၇။ ပစိဖိတ်ဒေသတွင်းနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | ဩစတြေးလျ | ၁၁ နှစ် |
| ၂။ | နယူးဇီလန် | ၁၂ နှစ် |
| ၃။ | ဖီဂျီ | ၁၀ နှစ် |

**၈။ လက်တင်အမေရိကနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | မက္ကဆီကို | ၁၁ နှစ် |
| ၂။ | ဘရာဇီး | ၉ နှစ် |
| ၃။ | ပါရာဂွေးလ် | ၉ နှစ် |
| ၄။ | ကျူးဘား | ၉ နှစ် |
| ၅။ | ပီရူး | ၁၂ နှစ် |
| ၆။ | ပနားမား | ၉ နှစ် |
| ၇။ | အာဂျင်တီးနား | ၁၃ နှစ် |
| ၈။ | ချီလီ | ၁၂ နှစ် |
| ၉။ | ဥရုဂွေး | ၆ နှစ် |
| ၁၀။ | ဘိုလီးဗီးယား | ၈ နှစ် |

**၉။ အာဖရိကနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | ကင်မရွန်း | ၆ နှစ် |
| ၂။ | ကွန်ဂို | ၁၀ နှစ် |
| ၃။ | မာလီ | ၉ နှစ် |
| ၄။ | ကင်ညာ | ၈ နှစ် |
| ၅။ | တောင်အာဖရိက | ၉ နှစ် |
| ၆။ | ယူဂန္ဒာ | ၇ နှစ် |
| ၇။ | ဇင်ဘာဘွေ | ၇ နှစ် |
| ၈။ | ဂါနာ | ၁၁ နှစ် |
| ၉။ | မာလာဝီ | ၈ နှစ် |
| ၁၀။ | မိုဇမ်ဘစ် | ၇ နှစ် |

အထက်ပါ ဇယားကိုးခုတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ မသင်မနေရ ပညာရေးအဆင့်ကို မြောက်အမေရိက၊ အနောက်ဥရောပနိုင်ငံများတွင် အနည်းဆုံး ၁၀ နှစ်ကြာ (တချို့နိုင်ငံ ၁၃ နှစ်) သင်ယူရပါသည်။ အရှေ့ဥရောပနိုင်ငံများတွင် ပျမ်းမျှကိုးနှစ်ကြာ သင်ကြားပေးနေပါသည်။ အာဖရိကနိုင်ငံများတွင် ပျမ်းမျှရှစ်နှစ်အချိန်ယူရပါသည်။ ကျွန်တော်တို့ ပတ်ဝန်းကျင်နိုင်ငံများတွင် ပါကစ္စတန်၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့တွင်သာ ငါးနှစ်ဖြစ်ပါသည်။ အိမ်နီးနားချင်းအားလုံးလိုလို မသင်မနေရပညာရေးကို ကိုးနှစ်ကြာ သင်ကြားပေးနေကြပြီဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ မသင်မနေရ မူလတန်းအဆင့်သင်တန်းကာလသည် လက်ရှိအခြေအနေတွင် ငါးနှစ်သာ ဖြစ်ပါသည်။ နိုင်ငံသားတစ်ဦးချင်းစီတွင် ရှိရမည့် အနိမ့်ဆုံးအခြေခံပညာအရည်အချင်းများ မခိုင်မာလျှင် ဘင်္ဂလားဒေ့ရှ်နှင့် လာအိုတို့ကဲ့သို့ ဖွံ့ဖြိုးမှုနှုန်းနှေးသည့်စာရင်းတွင် ပါဝင်နေပေလိမ့်မည်။

### လုံလောက်သောပညာသင်ကြားရေးကာလနှင့် အဆင့်လိုအပ်

ပညာရေးစီမံခန့်ခွဲမှု ကောင်းခြင်းနှင့်အတူ ပညာရေးအဆောက်အအုံ၏ **“မသင်မနေရ ပညာရေး”** ဆိုသည့် အုတ်မြစ်လည်း ခိုင်မာရပါမည်။ မြင့်နေရပါမည်။ မြင့်မားနေရန်အတွက် လုံလောက်သော ပညာသင်ကြားရေးကာလနှင့် အဆင့်လိုအပ်ပါသည်။ မြောက်အမေရိက၊ အနောက်ဥရောပ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဩစတြေးလျနှင့် စင်ကာပူနိုင်ငံတို့ ဖွံ့ဖြိုးခြင်း၊ တိုးတက်ခြင်းမှာ သူတို့နိုင်ငံသားတိုင်းသည် တောင့်တင်းခိုင်မာသည့် အခြေခံပညာရေးကို မသင်မနေရသင်ယူခဲ့ကြ၍ ဖြစ်ပါသည်။

လက်ရှိ ကျွန်တော်တို့၏ မသင်မနေရ ပညာရေးကာလငါးနှစ်သည် ပတ်ဝန်းကျင် နိုင်ငံများ၏ သင်ကြားရေးလေ့ကျင့်ချိန်၏ တစ်ဝက်သာသာပင်ရှိပြီး မူလတန်းအဆင့်တွင်လည်း ရှိပါသေးသည်။ သူများက မူလတန်းထက်မြင့်သော အလယ်တန်းအဆင့်ဖြစ်ပါသည်။ ကျွန်တော်တို့က နှုန်းနှစ်ဆမြန်လျှင်တောင် သူတို့နှင့်အဆင့်တူလောက်သာရှိပါသေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းတစ်ခုတွင် “မိမိတို့အစိုးရအနေဖြင့် KG+9 အခြေခံပညာအလယ်တန်းအထိ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိရေးနှင့် အောင်မြင်စေရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း” ကြားသိရ၍ အထူးပင် ဝမ်းသာမိပါသည်။ ပုံမှန်အတိုင်း မြန်မာ့ပညာရေးသွားနေခဲ့လျှင် သူများနောက်မှာ အမြဲတစ်ဝက်ကျန်နေမှာကိုသိ၍ ထိုသို့မဖြစ်စေရန်အတွက် ကြိုးပမ်းမှုဟု မြင်မိပါသည်။

### ကျောင်းထွက်မှုအများဆုံးနိုင်ငံစာရင်းတွင် ပါဝင်

ထို့အပြင် အနိမ့်ဆုံး အိမ်နီးနားချင်းအပါအဝင် အာရှနိုင်ငံများနှင့် တန်းတူအဆင့်တွင် ကျွန်တော်တို့ ပညာရေးရပ်တည်နိုင်အောင်လို့လည်း ဖြစ်ပါလိမ့်မည်။ မသင်မနေရကာလမြင့်မားအောင် ကြိုးပမ်းနေဆဲတွင် ၂၀၁၆ ခုနှစ် Global Education Digest ၌ မြန်မာနိုင်ငံသည် ကျောင်းထွက်မှု အများဆုံးနိုင်ငံစာရင်းတွင် ပါဝင်နေသည့် အချက်ကိုလည်း လျစ်လျူရှု၍မရပေ။ ထိုနှုန်းကျသွားအောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် အချိန်မတန် ကျောင်းထွက်နေသည့် ပညာရေးအဟောသိကံဖြစ်မှု အပေါက်ကြီး (Dropout Rate) ကို အားလုံး (အစိုးရ၊ ပညာရေးဝန်ကြီးဌာနနှင့် တာဝန်သိပြည်သူများ) ဝိုင်းဝန်းပြီး ပိတ်ရန် လိုအပ်မည်ဖြစ်ပါသည်။

မသင်မနေရ KG+9 အခြေခံပညာ အလယ်တန်းအဆင့်ကို မဖြစ်မနေအောင်မြင်စေရန်အတွက် မြန်မာ့မြေပေါ်တွင် တစ်ချိန်က “အသုံးလုံး၊ စာတတ်မြောက်ရေးလုပ်ငန်း” မှာ အောင်မြင်စွာကျင့်သုံးခဲ့ပြီး ယနေ့တိုင် ယူနီဆက်ဖ် (UNICEF) ၏ တစ်နှစ်အောက် ကမ္ဘာ့ကလေးငယ်များ ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းမှာ သုံးစွဲနေဆဲဖြစ်သော “မြန်မာ့ပညာရေး ကဝိဆရာကြီး ဦးသံဗျင် စတင်အသုံးပြုခဲ့သည့် **“လူထုပါဝင်လှုပ်ရှားမှုနည်း”** ဖြင့် အကောင်အထည်ဖော်ပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။


**ကျမ်းကိုး**

**(၁) ၁၉၄၆ ခုနှစ် ပညာရေးစနစ်စုံစမ်းရေး ကော်မတီ၏အစီရင်ခံစာ**

**(၂) UNESCO (2015) Global Education Digest**

**(၃) UNESCO (2016) Global Education Digest**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၃-၁၁-၂၀၂၂ ရက်မှအဆက်

ကိုဘခက်သည် စကားဆုံးလျှင်ဆုံးချင်း အခန်းတွင်းသို့ ချာခနဲလှည့်ဝင်သွားတော့သည်။

မော်သည် ဆွေ့ဆွေ့ခုန်၍နေတော့သည်။ မွန်က အံကိုကြိတ်ထားလိုက်သည်။

'မ' သည် နေရာမှထလိုက်ရင်း ကိုဘခက်အခန်းဆီသို့ လှမ်းလိုက်သည်။

မွန်က 'မ' လက်ကို ဆောင့်၍ဆွဲလိုက်သည်။

"မင်း အပေါ်တက်ရင်ကောင်းမယ်"

မွန်က 'မ' ကို တင်းမာသောအသံဖြင့် အမိန့်ပေးလိုက်သည်။ 'မ'မျက်လုံးများသည် မျက်ရည်ဖြင့် ပြည့်လျှံနေသော်လည်း တောက်ပြောင်လှသည်။

'မ' ၏ တင်းမာသောမျက်နှာကိုကြည့်ခြင်းအားဖြင့် မွန်၏အမိန့်သည် 'မ' ကို လွှမ်းမိုးနိုင်မည်မဟုတ်ကြောင်း ထင်ရှားသည်။

"တော်လောက်ပြီ မွန်၊ တော်လောက်ပြီ။ လူတစ်ယောက်ရဲ့အရေးကို မင်းတို့ ဝင်ပြီးခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ပြီးပြီမဟုတ်လား။ ခု ကိုယ့်အလှည့်ရောက်လာပြီ။ ကိုယ့်မှာ အနည်းဆုံး နှုတ်ဆက်ဖို့တာဝန်ရှိတယ်"

'မ' ပြောပုံမှာ တည်ကြည်ပြတ်သားလှသည်။ ဒေါသသံလည်းမပါ။ တောင်းပန်တိုးလျှိုးခြင်းလည်း မဟုတ်။ ပကတိတည်ငြိမ်သောအသံဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် မွန်ကမူ 'မ' လက်ကို မလွှတ်သေးချေ။

"ယောကျ်ားတစ်ယောက်နေတဲ့အခန်းမှာ မင်းက ဝင်ပြီးနှုတ်ဆက်တယ်ဆိုတာ ဘယ်လောက်ဣန္ဒြေနည်းသလဲ။ မင်း အပေါ်ထပ်ကိုတက်နေရင်ကောင်းမယ်"

"ခု ကိုယ်ဝင်မယ့်အခန်းဟာ တခြားလူနေတာမဟုတ်ဘူး သိလား။ ကိုယ့်ချစ်တဲ့သူနေတဲ့အခန်းကို ဝင်ပြီး ကိုယ့်ချစ်သူကို နှုတ်ဆက်မှာ။ ကပွဲမှာ တစ်ခါလောက်မိတ်ဖွဲ့ပြီး အတူဖက်ကတာမျိုးကို ယဉ်ကျေးတယ်လို့ မင်းတို့ထင်နေသေးရင် အခု ကိုယ်ချစ်တဲ့သူကို ဝင်ပြီးနှုတ်ဆက်တာဟာ တစ်ရွေးသားတောင် ဣန္ဒြေမမဲ့ဘူး ... သိလား။ ဣန္ဒြေနဲ့ အရှက်ကိုပြောရရင် ကိုယ်က မင်းတို့ထက် စောင့်ထိန်းတယ်။ နားလည်လား"

'မ' သည် မွန့်လက်ကို ပုတ်ချလိုက်ပြီးလျှင် အခန်းတွင်းသို့ ဝင်သွားတော့သည်။

အခန်းတွင်းသို့ရောက်လျှင် ပစ္စည်းများကို ဖြစ်သလိုသိမ်းဆည်းနေသော ကိုဘခက်ကို တွေ့ရသည်။

ကိုဘခက်ကိုမြင်ရတော့ 'မ' ရင်ထဲတွင် ဆို့၍လာသည်။ 'မ' သည် ဟန်ဆောင်၍မနေနိုင်တော့ချေ။

ကိုဘခက်၏ရင်တွင်းသို့ အတင်းပြေး၍ဝင်ကာ ငိုလိုက်မိသည်။ ကိုဘခက်သည် 'မ' ကိုသာ အသာပွေ့ထားရင်းမှ 'မ'၏ကျောကလေးကို သပ်၍ပေးလိုက်ရှာသည်။

'မ' က စိတ်ကို ချုပ်တည်းလိုက်ရင်း တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။

"'မ'ပါလိုက်ခဲ့မယ်။ 'မ' မနေရစ်ဘူးဆရာ။ 'မ' ကိုပါ ဆရာနဲ့အတူခေါ်သွားပါ။ 'မ'ကို တစ်ယောက်တည်းမထားခဲ့နဲ့ ဆရာ"

'မ' သည် ကိုဘခက်ကို အားကိုးတကြီး အတင်းဖက်တွယ်ထားရင်း တောင်းပန်လိုက်သည်။ ကိုဘခက်လည်း 'မ' ကို ပြန်၍ဖက်ထားမိသည်။ ခွဲရတော့မည်ဆိုသောအသိက နှစ်ယောက်စလုံး၏ အသည်းကို နာကျင်စေသည်။

ကိုဘခက်သည် အံကိုကြိတ်ထားလိုက်သည်။

ယခုတော့ တထိတ်ထိတ်စောင့်စားနေခဲ့ရသော လမ်းဆုံသို့ ရောက်ခဲ့ရလေပြီ။

ရှေ့ခရီးကို မည်သို့ဆက်ဆံရမည်ကို ဆုံးဖြတ်ရတော့မည်။ အတူလက်တွဲ၍ ခရီးဆက်မလား။ တစ်ယောက်တကွဲစီ လမ်းခွဲမလား။ ရှေ့ဆက်သွားရမယ့်လမ်းသုံးသွယ်အတွက် တစ်လမ်းလမ်းကို ရွေးချယ်ရတော့မည်။

ပထမလမ်းမှာ တစ်ယောက်တည်း ခွဲထွက်ရမည်ဖြစ်သော ကိုဘခက်၏ ခရီးကြမ်းလမ်းဖြစ်သည်။ ဒုတိယလမ်းမှာ တစ်ယောက်တည်း မျက်ရည်ဖြင့် ကျန်ရစ်ခဲ့ရမည့်သူ၏ ပူဆွေးဖွယ်ရာလမ်းဖြစ်သည်။

တတိယလမ်းမှာ ကိုဘခက်နှင့် 'မ'တို့ နှစ်ယောက်စလုံး အတားအဆီး အနှောင့်အယှက်အမျိုးမျိုးကို ဖြတ်ကျော်သွားရမည့် မင်္ဂလာလမ်းဖြစ်သည်။

ဤလမ်းသုံးသွယ်အနက် ကိုဘခက်အဖို့ရာကား မတတ်သာ ခပ်ခွာခွာနေရမည်ဆိုသောစကားကဲ့သို့ တစ်ယောက်တည်းသာ ထွက်ရမည့်ဘဝတွင် ရပ်တည်လျက်ရှိသည်။

'မ' အဖို့ရာကား မည်သို့ဆုံးဖြတ်မည်နည်း။

'မ'သည် ငိုနေရာမှ ကိုဘခက်ကို သနားစဖွယ် မော့၍ကြည့်လိုက်သည်။

"ဆရာ 'မ' ကို တကယ်ချစ်ရဲ့လားဟင်"

'မ' က မပွင့်တပွင့်အသံကလေးဖြင့် မေးလိုက်သည်။ ကိုဘခက်သည် 'မ' နှင့် ပါးချင်းကပ်ထားရာမှ ဆို့နင့်သောအသံဖြင့် ပြန်ဖြေလိုက်သည်။

"မေးစရာမလိုပါဘူး 'မ' ရယ်။ ကျွန်တော် 'မ' ကို ဘယ်လောက်ချစ်တယ်ဆိုတာ 'မ' ယုံထားတာထက် ပိုပါလိမ့်မယ်"

"'မ' ကိုချစ်ရင် 'မ' ကို ခွဲမသွားပါနဲ့ ဆရာရယ်။ 'မ'ဒီမှာကြာကြာနေရစ်ခဲ့ရရင် ပိုပြီးကြောက်လာလိမ့်မယ်။ ဆရာနဲ့ 'မ' နဲ့ အတူတူသွားကြဖို့ဟာ ဘာမှမလိုပါဘူး ဆရာ။ 'မ' သတ္တိရှိဖို့ပဲလိုတယ်မဟုတ်လား။ ကျန်တာတွေကတော့ ဘာမှမလိုပါဘူးဆရာ။ 'မ' လေ ဆရာ့ကိုချစ်တာတွေ၊ ယုံကြည်တာတွေ၊ ခင်မင်တွယ်တာတာတွေဟာ ရင်ထဲမှာမဆံ့အောင် ကြီးမားပါတယ်ဆရာ။ ဒါပေမဲ့ ဆရာ့ကို 'မ' တစ်ခါကပြောခဲ့ဖူးတယ်မဟုတ်လား။ နှလုံးသားကလာတဲ့ဆန္ဒတိုင်းမှာ မရဲရင့်ပါဘူး။ သတ္တိနည်းပါတယ်လို့ 'မ' ပြောခဲ့ဖူးတယ်။ 'မ' ကို သတ္တိနည်းအောင် ခြောက်လှန့်တဲ့အရာတွေအများကြီးရှိခဲ့တယ်။ ခုလေ 'မ' ဒါတွေအားလုံး ကျော်လွှန်လိုက်ပြီ။ ခုအချိန်ဟာ 'မ' သတ္တိရှိတဲ့အချိန်လို့ဆိုရမှာပဲ။ ဒီလိုအချိန်မျိုးမှာ 'မ' သတ္တိရှိသလို ဆုံးဖြတ်ပါရစေ။ 'မ' ကို ခွင့်လွှတ်ပေးပါမောင်ရယ် ... နော်"

'မ' ၏စကားများသည် ကိုဘခက်၏ရင်တွင်းသို့ သံပူဖြင့်လောင်းလိုက်သလိုရှိတော့သည်။ ချစ်သူ၏ စွန့်စားမှု၊ အနစ်နာခံမှုကို အံ့ဩလောက်အောင် တွေ့ရသော်လည်း ဤမျှ မွန်မြတ်သောမေတ္တာကို လက်မခံနိုင်သော နုံချာသည့် ကိုယ့်ဘဝကိုတွေးရင်း ကိုဘခက်မှာ ရင်ကွဲမတတ်ရှိရှာသည်။

ကိုဘခက်သည် ရွှန်းလဲ့သောမျက်လုံးကြီးများဖြင့် 'မ' ကို တွေတွေကြီး စိုက်ကြည့်နေရှာသည်။

"'မ' တောင်းတဲ့အခွင့်ကို ကျွန်တော် ဘယ်လိုလုပ်ပြီး ခေါင်းခါရက်ပါ့မလဲ 'မ'ရယ်။ ဒါပေမဲ့ စံပယ်ပန်းများဟာ ရွှေရောင်လွှမ်းတဲ့နန်းရင်ပြင်အလယ်မှာ တင့်တယ်ပါပေတယ်။ တောလယ်မှာပွင့်တဲ့ စံပယ်အရိုင်းတို့ရဲ့အလှဟာ ညှိုးငယ်နွမ်းပါးတတ်ပါတယ်။ ဒါကြောင့် 'မ' ရဲ့ မွန်မြတ်တဲ့မေတ္တာဟာလည်း ကျွန်တော့်ရဲ့ နုံချာလှတဲ့ဘဝနဲ့ ထိုက်ပါ့မလားလို့ ကျွန်တော် စိုးရိမ်မိတယ်။ 'မ' က အခု လိုက်မယ်ဆိုပေမယ့် ကျွန်တော့်ဘဝက ဘယ်သွားလို့ ဘယ်လာရမှန်းမသိတဲ့ဘဝပါ 'မ' ရယ်။ ဒီစကားကို ကျွန်တော်ဖွင့်ပြောရတာဟာ ရင်ထဲမှာမျိုထားရတဲ့ မီးတောက်မီးလျှံကို နှုတ်ကပြန်ပြီး အန်ထုတ်ရသလိုပါပဲ"

"ဘယ်လိုပဲနေရနေရ မကြောက်တော့ပါဘူး မောင်။ 'မ' လေ အခု သတ္တိရှိလာပါပြီမောင်ရယ်။ ဒါဟာလည်း 'မ' ရဲ့ ပင်ကိုသတ္တိမဟုတ်ဘူး။ မောင့်ကိုချစ်ရတဲ့အချစ်က 'မ' ကို ခုလိုသတ္တိမျိုး မွေးပေးလိုက်တာပါ။ 'မ' လိုက်ခဲ့ပါရစေနော် မောင်"

ကိုဘခက်သည် 'မ' စကားကို လွန်ဆန်၍မရတော့ချေ။ ခုတင်ပေါ်သို့ ခေါင်းငိုက်စိုက်ဖြင့် ထိုင်ချလိုက်သည်။ သို့ထိုင်ချလိုက်မှ 'မ' ၏ လက်ဖျားကလေးအစုံကို ဆွဲယူလိုက်သည်။ 'မ' က အလိုက်သင့် ကိုဘခက်၏ရင်ခွင်သို့ ပါလာသည်။

"'မ'ဆန္ဒကို ကျွန်တော်ဟာ ဘယ်တော့မှ ငြင်းပယ်မယ့်လူ မဟုတ်ပါဘူး။ အမှန်တော့ 'မ' ရဲ့ဆန္ဒဟာ ကျွန်တော်ကိုယ်တိုင် အလိုလားဆုံး၊ အမြတ်နိုးဆုံး၊ အမက်မောဆုံးဆန္ဒဆိုတာ 'မ' နားလည်ပါလိမ့်မယ်"

'မ'သည် ကိုဘခက်နှင့် ရင်ချင်းကပ်ထားလိုက်သည်။ နှစ်သိမ့်ကြည်နူးသောစိတ်ကြောင့် 'မ' မျက်နှာကလေးမှာ သော်တာစန်းပမာ ဝင်းလက်၍လာသည်။

"ဒါဖြင့် 'မ' အခန်းပြန်ပြီး ပြင်လိုက်ဦးမယ်နော်။ ဖေဖေကြီးကိုလည်း အမှန်အတိုင်း ဖွင့်ပြောလိုက်မယ်"

'မ' သည် အခန်းတွင်းမှ ခပ်သုတ်သုတ်ထွက်သွားလေသည်။ ခုတော့ စိတ်ရောကိုယ်ပါ ပေါ့ပါးနေသည်။

ချစ်သူနှင့် အတူတွဲ၍ လျှောက်ရမည့်ခရီးကို ကိုယ်တိုင်ယုံကြည်ပြီး ဖြစ်လေသည်။

ဧည့်ခန်းမှ မွန်နှင့်မော်တို့သည် ပွဲကြည့်ပရိသတ်ကဲ့သို့ 'မ' ကို ငေးစိုက်ကြည့်နေသည်။

'မ' သည် သူတို့ကို မမြင်နိုင်။ ဂရုမစိုက်နိုင်။ ကိုယ်လုပ်ရမည့်ကိစ္စကို အာရုံစောနေမိသည်။

ဘဝဆိုသည်မှာ မဖြစ်ခင်က ကြိုတင်စိတ်စော၍ မောရသည်ထက် မရှောင်သာပဲ ရင်ဆိုင်ရသည့်အခါ သတ္တိရှိဖို့နှင့် ပြတ်သားဖို့လိုသည်ကိုလည်း 'မ' နားလည်၍လာလေပြီ။

ထို့ကြောင့်လည်း ကိုယ်၌ အရေးကြုံသည့်အခါ သက်လုံကောင်းရတော့မည်။

တခြားအရာတွေကို မတွေးနိုင်၊ မစဉ်းစားနိုင်ချေ။

အပေါ်ထပ်သို့ရောက်သောအခါ 'မ' သည် သားရေသေတ္တာထဲသို့ အဝတ်အစားများ လုံးထွေး၍ ထည့်လိုက်သည်။

နောက် ... လိုသော စာအုပ်၊ အသုံးအဆောင်များကို သေတ္တာငယ်လေးထဲသို့ ထည့်လိုက်သည်။

အားလုံးပြင်ဆင်ပြီးသောအခါ 'မ' သည် သေတ္တာနှစ်လုံးကိုဆွဲ၍ အခန်းထဲမှ ထွက်ခဲ့သည်။

'မ' သည် သေတ္တာနှစ်လုံးကို လှေကားထိပ်တွင် ချ၍ စာကြည့်ခန်းဆီသို့ လှမ်းကြည့်လိုက်မိသည်။

ဦးကျော်ဒင်သည် ဆေးတံနှင့် မှိန်းနေရာမှ 'မ' ကို ငေးကြည့်နေသည်။ 'မ'သည် ဦးကျော်ဒင်ရှိရာသို့ တစ်လှမ်းချင်းလျှောက်သွားလိုက်သည်။

ဦးကျော်ဒင်ရှေ့သို့ရောက်သောအခါ 'မ' သည် ကြမ်းပြင်ပေါ်တွင် ကျုံ့ကျုံ့ကလေး ထိုင်လိုက်ရှာသည်။ မျက်ရည်များက ပါးပြင်ပေါ်တွင် တလိမ့်လိမ့် စီးကျလာသည်။

ဦးကျော်ဒင်သည် 'မ' ကို စိုက်ကြည့်နေရာမှ တည်ငြိမ်သောအသံဖြင့် မေးလိုက်သည်။

"သမီး . . . ဘာပြောမလဲ၊ ပြောလေ"

အလိုက်သိသောဖခင်ပီပီ စကားခင်းပေးလိုက်သော်လည်း 'မ' မှာ ပြော၍မထွက်နိုင်အောင်ရှိတော့သည်။ ဖခင်၏မျက်နှာကို ကြည့်လိုက်ပြန်တော့လည်း မည်မျှပင် ဟန်ဆောင်စေကာမူ အတွင်းစိတ်က ပေါ်လွင်လှသည်။ 'မ' သည် စိတ်ကို ကြိုးစား၍ ထိန်းလိုက်သည်။

"သမီးကို ခွင့်လွှတ်ပါတော့ ဖေဖေ။ သမီးကို မိုက်တယ်ပဲဆိုဆို ဒီတစ်ခါတော့ သမီးတစ်သက်နဲ့ တစ်ကိုယ် မမျှော်လင့်ခဲ့တဲ့ စွန့်စားမှုမျိုးကို စွန့်စားတော့မယ်"

ဆက်လက်ဖော်ပြပါမည်။

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ စာတည်း

"ချစ်သူ၏ စွန့်စားမှု၊ အနစ်နာခံမှုကို အံ့ဩလောက်အောင် တွေ့ရသော်လည်း ဤမျှ မွန်မြတ်သောမေတ္တာကို လက်မခံနိုင်သော နုံချာသည့် ကိုယ့်ဘဝကိုတွေးရင်း ကိုဘခက်မှာ ရင်ကွဲမတတ်ရှိ . . . "'မ' တောင်းတဲ့အခွင့်ကို ကျွန်တော် ဘယ်လိုလုပ်ပြီး ခေါင်းခါရက်ပါ့မလဲ 'မ'ရယ်။ ဒါပေမဲ့ စံပယ်ပန်းများဟာ ရွှေရောင်လွှမ်းတဲ့ နန်းရင်ပြင်အလယ်မှာ တင့်တယ်ပါပေတယ်။ တောလယ်မှာပွင့်တဲ့ စံပယ်အရိုင်းတို့ရဲ့အလှဟာ ညှိုးငယ်နွမ်းပါးတတ်ပါတယ်။ ဒါကြောင့် 'မ' ရဲ့ မွန်မြတ်တဲ့မေတ္တာဟာလည်း ကျွန်တော့်ရဲ့ နုံချာလှတဲ့ဘဝနဲ့ ထိုက်ပါ့မလားလို့ ကျွန်တော် စိုးရိမ်မိတယ်။ 'မ' က အခု လိုက်မယ်ဆိုပေမယ့် ကျွန်တော့်ဘဝက ဘယ်သွားလို့ ဘယ်လာရမှန်းမသိတဲ့ဘဝပါ 'မ' ရယ်။ ဒီစကားကို ကျွန်တော်ဖွင့်ပြောရတာဟာ . . ."


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၇၃ ဆူ | ၂၄၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၃ ခန်း | ၃၉၂ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၈ တိုင် | ၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၂ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၉ ကျင်း | ၁၅၉၇. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၄၀ စုံ | ၂၆၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ မက်သနောလ်စက်ရုံ (ဆိပ်သာ)မှ သံထည်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|
| | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| က | သံထည်ပစ္စည်း(၁၇)မျိုး | ၁၄-၁၂-၂၀၂၂ | ၁၂:၀၀ | ၁၄-၁၂-၂၀၂၂ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁၅)ရက်ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၂၅၄၂၂၉၉၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

### ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ရေဝတီလမ်း၊ အမှတ်(၆၀)ရှိ ၂-ခန်းတွဲ- ၆ ထပ်တိုက်၏ စတုတ္ထထပ်၊ ၅လွှာ(B)၊ ခြေရင်းခန်းတိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဒေါ်ထွန်းပပလင်း[၁၂/အလန(နိုင်)၀၄၉၆၅၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းညွန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၂၇)**

**ဦးနိုင်ထွဋ်လင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)**

**အိမ်၊ ခြံ၊ မြေ၊ လယ်ယာမြေ၊ တိုက်ခန်း၊ ကွန်ဒိုခန်း- ရောင်း၊ ဝယ်၊ ငှားစာချုပ်စာတမ်း(အထူး) ဝန်ဆောင်မှု**
**ဖူးပွင့်ဝေ Law Firm**
**အမှတ် (၃၆၅) ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇-B နံ့သာကုန်း၊ မြေကွက်အမှတ်-၁/ခ-၁/D၊ ဧရိယာ-၀. ၂၉၁ဧက မြေကွက်တည်နေရာအမှတ်-၆၃/(D)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးအုံးလှိုင် [၁၂/အစန(နိုင်)၀၃၀၉၂၁] မြေပိုင်မြေ၊ လ/န ၃(ခ)၊ အိမ်ရာမြေ သတ်မှတ်မြေအား အမည်ပေါက် ဦးအုံးလှိုင် (ဖခင်) သည် (၂၈-၇-၂၀၂၁) ရက်နေ့တွင် လည်းကောင်း၊ ဒေါ်ခင်အေးလှိုင် (မိခင်)သည် (၂၄-၈-၁၉၉၇) ရက်နေ့တွင် လည်းကောင်း၊ အသီးသီး(ကွယ်လွန်)ခဲ့ပြီး ၎င်းတို့တွင် (၁) ဦးရဲဝင်းလှိုင်၊(၂) ဒေါ်ခင်မိမိလှိုင်၊ (၃)ဦးကျော်စိုးလှိုင် သားသမီး(၃)ဦး မွေးဖွားခဲ့ကြောင်းသားကြီး ဦးရဲဝင်းလှိုင်သည် (၆-၁၂-၂၀၀၈)ရက်နေ့တွင် ဖခင်ထက်စော၍ (ကွယ်လွန်)သဖြင့် ၎င်း၏ အမွေဆက်ခံခွင့်အစုကို သားသမီးများဖြစ်ကြသော ဒေါ်သက်နှင်းဆွေ [၁၂/အစန(နိုင်)၂၀၈၆၂၄]၊ ဦးထူးအောင်လှိုင် [၁၂/အစန(နိုင်)၂၂၃၈၁၈]တို့နှင့် ဒေါ်ခင်မိမိလှိုင် [၁၂/အစန(နိုင်)၀၃၀၉၂၅]၊ ဦးကျော်စိုးလှိုင် [၁၂/အစန(နိုင်)၀၃၀၉၂၃] တို့နှင့် ပူးတွဲ၍ သားသမီးနှင့်အမွေမမီမြေးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၂၂၄/၂၀၂၂ (၁၂-၁၀- ၂၀၂၂) ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စာချုပ်မူရင်းတို့ တင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈-ဘီ)၊ မြေကွက်အမှတ်-၂၉၊ ရန်ကင်းလမ်း၊ မုန့်လုပ်ဆောင်းကုန်း/မြောက်ရပ်ကွက်၊ (၁၂ ၁/၂' x ၅၀') အကျယ်ရှိ မြေကွက်၊ အိမ်အဆောက်အဦနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက်ထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဒေါ်မဝန်း[၁၁/ရဗန(နိုင်)၀၀၈၄၅၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် အိမ်အဆောက်အဦတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများ တင်ပြ၍ ကျွန်ုပ်ထံ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးသည်နှင့်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းမာလာ LL.B (စဉ်-၈၆၅၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၂၈၇/က၊ စပ်စံထွန်းလမ်း၊ (၉) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၁၆၀၄၈၀**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာလမ်းတွင် တည်ရှိသော Yadanar Hninsi Residence မှ Building (3B),Level-(2),အခန်းအမှတ်-(0201)၊ အကျယ်အဝန်း(၆၀၀)စတုရန်းပေရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသည့်ပစ္စည်းများ၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာ အပါအဝင်တိုက်ခန်းနှင့် ပတ်သက်၍ ခံစားခွင့်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုဖခင်ဖြစ်သူ ဦးဗိုလ်ဆန်းနိုင် [၁၂/ဥကတ(နိုင်)၀၅၇၃၈၄]သည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံမှ (၅-၁-၂၀၁၈)ရက်နေ့တွင်ဝယ်ယူပိုင်ဆိုင်ခဲ့သည့် တိုက်ခန်းဖြစ်ကြောင်း၊ ဖခင်ဖြစ်သူ ဦးဗိုလ်ဆန်းနိုင်နှင့် မိခင်ဖြစ်သူဒေါ်သန်းသန်းဌေးတို့ ကွယ်လွန်သွားသည့် အချိန်တွင် သားသမီးရင်းများဖြစ်ပြီး အမွေဆက်ခံပိုင်ဆိုင်၍ လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သည့် (၁)ဒေါ်အိအိဆန်းနိုင် [၁၂/ဒဂတ(နိုင်)၀၅၄၀၁၁]၊ (၂)ဒေါ်စုစုဆန်းနိုင်[၁၂/ဒဂတ(နိုင်)၀၅၇၀၃၃]နှင့် (၃)ဦးဇင်ယော်ဆန်းနိုင်[၁၂/ဒဂတ(နိုင်)၀၅၆၉၈၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေများအား အပြေအကျေပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှစိုး၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)**
**စဉ်-၁၁၄၄၅/၂၀၁၆**

**ဒေါ်မေဝင်းမော်(LL.B)**
**စဉ်-၁၃၇၂၈/၂၀၁၇**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၄၀၅)၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၈၈၂၂၂၀၈၅၊ ၀၉-၄၄၈၀၂၀၀၄၃**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ကညင်တိုင်းကျေးရွာအုပ်စု၊ ကညင်တိုင်းကျေးရွာနေ မယွန်းဇင်ခင်၏ဖခင် ဦးသန်းငြိမ်းအောင်နှင့် ဦးသန်းညိမ်းအောင် [၁၄/လမန(နိုင်)၀၃၆၃၅၀]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းငြိမ်းအောင်(ခ)**
**ဦးသန်းညိမ်းအောင်**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈- ပဲမှီကုန်း၊ မြေကွက်အမှတ်-၆၂/က-၅၊ ဧရိယာ-၀.၁၂၅ဧက၊ မြေကွက်တည်နေရာအမှတ်-၆၂/က-၅၊ ပဲမှီကုန်း အနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဒေါ်အေးအေးဝင်း [၁၂/ရကန(နိုင်)၀၁၅၁၈၀] အမည်ပေါက် B -မြေပိုင်မြေအား အမည်ပေါက်ဒေါ်အေးအေးဝင်း(မိခင်)သည် (၈-၁၂-၂၀၂၀)ရက်နေ့တွင် လည်းကောင်း၊ ဗိုလ်မှူးကြီးကျော်ဝင်း(ဖခင်)သည် (၂၇-၁၂-၁၉၈၇) ရက်နေ့တွင် လည်းကောင်း၊ အသီးသီး(ကွယ်လွန်) သဖြင့် ဦးညဏ်ထွဋ် [၁၂/မရက(နိုင်)၀၇၂၉၃၁]မှ တစ်ဦးတည်းသော သားတော်စပ်ကြောင်းနှင့် အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၅၄/၂၀၂၂ (၂-၉-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စာချုပ်တို့တင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သွေးသည် အသက်

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၄)၊ မကွေးတိုင်းဒေသကြီးရုံးမှ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ၊ တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုခွင့်ပြုရန်ပုံငွေတို့ဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ မကွေးတိုင်းရုံးဝင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ ရေလမ်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းတစ်ရပ်လုံးတင်ဒါ၊ လုပ်ငန်းသုံးပစ္စည်းတင်ဒါ၊ လုပ်ငန်းသုံးစက်လှေနှင့် ရေယာဉ်ငှားရမ်းခြင်းတို့အား အိတ်ဖွင့်တင်ဒါများ ခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ | - | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မကွေးတိုင်းဒေသကြီးရုံး၊ ဗျူဟာလမ်း၊ ရွှေညောင်(၂)ရပ်ကွက်၊ မကွေးမြို့ |
| ၃။ | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - | ၂၉-၁၁-၂၀၂၂ ရက် (အင်္ဂါနေ့)မှစ၍ (ရုံးချိန်အတွင်း) |
| ၄။ | တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်/ အချိန် | - | ၁၄-၁၂-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၄:၃၀)နာရီ |
| ၅။ | P.O Cheque ပေးသွင်းရမည့်နောက်ဆုံးရက်/ အချိန် | - | ၁၄-၁၂-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၄:၃၀)နာရီ |

၆။ လုပ်ငန်းတစ်ရပ်လုံးတင်ဒါနှင့် လုပ်ငန်းသုံးပစ္စည်းတင်ဒါ(Price Proposal) ဖွင့်လှစ်မည့်ရက်/အချိန်အား ဌာနမှ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၄)၊ မကွေးတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၆၃ ၂၀၂၈၃၉၀၊ E-mail magway.yaana@gmail.com သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

---

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဗိုလ်တထောင်မြို့နယ်တရားရုံးတော်၌**
**၂၀၂၂ - ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄**

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ဒေါ်နန်းဧကရီဦး
(၎င်းကိုယ်စား-ဦးထင်အောင်ဝင်း
Assistant Vice President)

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ အမှတ်-၅ နေ တရားပြိုင် ဒေါ်နန်းဧကရီဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြွေးဝယ်ကတ် (Credit Card) ချေးငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၇)ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့ပါလျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်ရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်၏ ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( တင်မျိုး )**
**မြို့နယ်တရားသူကြီး**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တာခွကျေးရွာအုပ်စု၊ ကွင်းအမှတ် - ၇၀၃၊ ကွင်းအမည်-တိုက်ကြီးတောင်၊ ဦးပိုင်အမှတ်-၁၀၁၊ ဧရိယာ(၁၀.၆၇)ဧကအကျယ်ရှိ ဒေါ်ဝင်းဝင်းရီ အမည် ပေါက်မြေကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တာခွကျေးရွာအုပ်စု၊ ကွင်းအမှတ်-၇၀၃၊ ကွင်းအမည် တိုက်ကြီးတောင်၊ ဦးပိုင်အမှတ်(၁၁၁/၃)၊ ဧရိယာ(၂.၀၀)ဧက အကျယ်ရှိ ဦးရွှေအိုး အမည်ပေါက် မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တာခွကျေးရွာအုပ်စု၊ ကွင်းအမှတ် ၇၀၃၊ ကွင်းအမည် - တိုက်ကြီးတောင်၊ ဦးပိုင်အမှတ်(၁၁၁/၄)၊ ဧရိယာ (၁.၂၁)ဧကအကျယ်နှင့် ကွင်းအမှတ်-၇၀၃၊ ကွင်းအမည်-တိုက်ကြီးတောင်၊ ဦးပိုင်အမှတ်(၁၁၇/၂)၊ ဧရိယာ (၅.၈၅) ဧကအကျယ်ရှိ ဦးရွှေခက် အမည်ပေါက် ဥယျာဉ်ခြံမြေတို့အား တရားဝင်လက်ဝယ် ပိုင်ဆိုင်ထား၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဦးရွှေခက် [၁၂/လသန(နိုင်)၀၀၆၈၅၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

၂။ အထက်ရည်ညွှန်းအတိုင်းအတာ ဖော်ပြလိပ်စာပါ ဥယျာဉ်ခြံမြေနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာချက်ပါရှိသည့်နေ့ရက်မှစတင်၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်လည်းကောင်း ကန့်ကွက်နိုင်ပါသည်။

၃။ သတ်မှတ်သည့်နေ့/ရက်ပြည့်မြောက်ပြီးနောက် ကန့်ကွက်မည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက ဤအရောင်းအဝယ်ပြုလုပ်မှုကို ဥပဒေနှင့်အညီ ဆုံးခန်းတိုင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာမှုပြုအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သီတာနှင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၃၆၀)**

**ဒေါ်သန္တာတိုး (LL.B) (LL.M) (Q)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၃၆၆)**

**အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၂၆၁၇၃၊ ၀၉-၇၅၇၅၇၃၉၇၃**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၄/ခ)၊ Pyae Sone Chan Thar Residence ၊ Basement နှင့် Ground Floor Car Parking ပါရှိသော ၄-ခန်းတွဲ RC(၈)ထပ်တိုက်၊ အခန်းအမှတ်(၅၀၄)၊ ဧရိယာ(၈၄၇)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်ကိုနိုင်[၉/မထလ(နိုင်)၂၃၆၇၉၂]၊ ဒေါ်နှင်းဖြူဖြူအောင် [၉/ပမန(နိုင်)၁၆၂၀၆၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မြင့်သိန်း [၁၂/မဂဒ(နိုင်)၁၁၉၆၉၄]၊ ဒေါ်သဲစုကျော်[၁၂/တမန(နိုင်)၁၀၉၀၁၁]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်မြင့်သိန်းနှင့် ဒေါ်သဲစုကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph-09-450023651,09-793568375**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ဇ၊မြေကွက်အမှတ်-၆၀၆/က၊မြေကွက်တည်နေရာအမှတ်(၆၀၆/က)၊သုနန္ဒာ(၄)လမ်း၊(ဇ)ရပ်ကွက်၊ ဦးလှအေး(၁၂/ဥကမ(နိုင်)၁၁၉၀၃၀)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်သူ(ခင်ပွန်း)ဦးလှအေးသည်(၁၂-၂-၂၀၀၈)ရက်နေ့တွင်ကွယ်လွန်သဖြင့်ဒေါ်စိန်စိန်(၁၂/ဥကမ(နိုင်)၁၁၉၀၂၈)မှတရားဝင်အမွေဆက်ခံခွင့်ရှိသောတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ်-၃/၁၂၀၄/၂၀၂၀၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်မြေရာဇဝင်မှတ်ချက်ရှိ(၁၉၉၇)ခုနှစ်တွင်မြေပုံကူးလျှောက်ထားခဲ့ခြင်းမှာလျှောက်ထားသူမှအဆောက်အဦးဆောက်လုပ်ရန်မြေပုံကူးယူခြင်းသာဖြစ်ကြောင်းရှင်းလင်းတင်ပြလာခြင်းအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၃၊ မြေကွက်အမှတ်-၂၇၈၃၊ အကျယ်အဝန်းဧရိယာ (၄၀)ပေ x (၆၀)ပေရှိ ဒေါ်ကျင်စွိ (CK-013746) အမည်ဖြင့် မြေချပါမစ်မူရင်းရှိသည့် မြေကွက်ကို လက်ရှိပိုင်ရှင်ဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိစဉ် ရောင်းချခြင်းဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်ဝင်းသီတာ [၁၂/မရက(နိုင်)၀၂၇၇၈၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဖြူဖြိုးနွယ် [၁၃/တကန(နိုင်)၁၄၈၉၃၉]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်မူရင်းများပြသ၍ ဤကြေညာခြင်းပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက သတ်မှတ်ရက်ကျော်လျှင် အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြိုးနွယ်** **ဒေါ်အေးမီသက် LL.B** **ဦးကျော်ဆန်းနိုင်**
**အထက်တန်းရှေ့နေ** **B.A (Law) LL.B,D.B.L,**
**(စဉ်-၄၈၄၇၆)** **D.M.L, D.I.L, D.A.Psy,**
**ဦးအောင်ထွေးမောင်** **Dip in English, M.A (Business Law)**
**LL.B, WIPO (Switzerland)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၉)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၄) ဖုန်း- ၀၉-၅၁၆၃၅၄၂**
**တိုက် (၉/၁၁)၊ အခန်းအမှတ်-၀၀၄၊ မြေညီ၊ ၃၆ (အောက်)လမ်း၊ ကျောက်တံတားမြို့နယ်။**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဗိုလ်တထောင်မြို့နယ်တရားရုံးတော်၌**
**၂၀၂၂ - ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂**

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ဦးကျော်ကျော်စိုးဝင်း
(၎င်းကိုယ်စား-ဦးထင်အောင်ဝင်း
Assistant Vice President)

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ အမှတ်-၅ နေ တရားပြိုင် ဦးကျော်ကျော်စိုးဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြွေးဝယ်ကတ် (Credit Card) ချေးငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂-ခုနှစ်၊ ဒီဇင်ဘာလ(၇) ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်နေ့) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့ပါလျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်ရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်၏ ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( တင်မျိုး )**
**မြို့နယ်တရားသူကြီး**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေဟာ ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ အောင်မြင်မှုရရှိမှာပဲဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပက မြန်မာ့ငြိမ်းချမ်းရေးအကျိုးကို မလိုလားသူတွေရှိနေသရွေ့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေဟာ ထင်သလောက်ခရီးမပေါက်ကြောင်းနဲ့ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း ဝေဖန်အပုပ်ချနေမှုတွေအပေါ်မှာ နားယောင်ဖို့မလိုကြောင်း ကျွန်တော်တို့ညီအစ်ကိုတွေ သတိပြုမိဖို့ လိုအပ်မှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ထိုင်းခြေစမ်းခရီးစဉ်အတွက် မြန်မာ့လက်ရွေးစင်အသင်း ကစားသမား ၂၅ ဦး ရွေးချယ်

ရန်ကုန် နိုဝင်ဘာ ၂၄

**မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီပေါ်သည် ၂၀၂၂ AFF Cup ပြိုင်ပွဲအကြို သွားရောက်မည့် ထိုင်းခြေစမ်းခရီးစဉ်အတွက် ကစားသမား ၂၅ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။**



မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားစဉ်။

မြန်မာ့လက်ရွေးစင် အသင်းသည် ပြည်တွင်းလိဂ်တွင် ခြေစွမ်းပြခဲ့သည့် ကစားသမား ၄၀ ကျော်ကို ပဏာမအဆင့် ရွေးချယ်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားစေခဲ့ပြီး နိုဝင်ဘာ ၂၄ ရက်တွင် ကစားသမား ၂၅ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယင်းကစားသမားများကို ထိုင်းခြေစမ်းခရီးစဉ်သို့ ခေါ်ဆောင်သွားပြီး ပြည်ပကလပ်များတွင် ကစားနေသူများဖြင့် ပေါင်းစပ်ကာ ၂၀၂၂ AFF Cup ပြိုင်ပွဲအတွက် ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီပေါ်သည် ပြည်ပကလပ်များတွင် ကစားနေသူများအနက် လက်ရွေးစင်အသင်း၌

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖

## ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ "က" အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၄

၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ "က" အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံများကို ယင်းနေ့မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV – HD၊ MRTV Sports Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports HD Channel၊ Skynet Sport 4 Channel၊ MRTV Web & App နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ ဖတ်စရာ


**ပြိုင်ပွဲများဖြင့် စည်ကားနေမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း**

ဆောင်းပါး စာမျက်နှာ » ၉

**စစ်ကိုင်းမြို့နယ် ကင်းကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်သမားများက "တိက္ခဇေယျာ" ထိုင်ဝမ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဝင်ရောက်ကာ ငွေ၊ လက်ကိုင်ဖုန်းများနှင့် မော်တော်ယာဉ်အား ခြိမ်းခြောက်လုယက်ယူဆောင်**

စာမျက်နှာ » ၁၄

**မသင်မနေရ မြန်မာ့ပညာရေး အောင်မြင်ပါမှ . . .**

စာမျက်နှာ » ၁၈


## အမျိုးသမီးလိဂ်တွင် အား/ကာသိပ္ပံကို သစ္စာအားမာန် အနိုင်ယူခဲ့သဖြင့် ချန်ပီယံဆုအတွက် နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်

ရန်ကုန် နိုဝင်ဘာ ၂၄

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)ကို နိုဝင်ဘာ (၂၃၊ ၂၄) ရက်တွင် ဆက်လက်ကျင်းပရာ သစ္စာအားမာန်အသင်းက လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းကို အနိုင်ယူခဲ့သဖြင့် ချန်ပီယံဆုအတွက် နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။

ပွဲစဉ်(၁၃)တွင် သစ္စာအားမာန်အသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး–နှစ်ဂိုး၊ မြဝတီအသင်းက YREO အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ အား/ကာဦးစီးဌာနအသင်းက

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❂



သစ္စာအားမာန်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။